# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၁၆) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့
## (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၆၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၅၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉-၂-၂၀၁၄ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့အစည်းအဝေးကို မတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူ ၆၁ ဦးအနက် ယခင်ကခွင့်ပန်ကြားပြီးသူ ၃၈ ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ ၂၃ ယောက်ရဲ့ စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီမှ ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်။

(၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၃ ရက်၊

(၂) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၃ ရက်၊

(၃) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

(၄) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၃ ရက်၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၆) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၇) ရွှာင်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၈) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၉) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၁၀) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၃ ရက်၊

(၁၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၁၃) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၁၄) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၃ ရက်၊

(၁၅) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၃ ရက်၊

(၁၆) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၁၇) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဒွေးဝင်း ခွင့် ၁ ရက်၊

(၁၈) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၁၉) ဗိုလ်မှူးချုပ်မောင်မောင် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၂၀) ဗိုလ်မှူးကြီးအောင်သီဟ တပ်မတော်သားကိုယ်စားလှယ် ခွင့် ၂ ရက်၊

(၂၁) ဗိုလ်မှူးထိန်လင်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၂၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၃ ရက်၊

(၂၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၈ ဦး ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင်များထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဦးအေးဟန်၊ ညွှန်ကြားရေးမှူး(ငြိမ်း) တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တို့အား ကော်မရှင်အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ယာဉ်မတော်တဆတိုက်မှုများနှင့်ပတ်သက်၍ စနစ်တကျ လေ့လာသုံးသပ်မှု၊ လိုအပ်သည့် နည်းဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်မှု၊ အသက် (၄၀) အောက်ငယ်ရွယ်သူများနှင့် အတွေ့အကြုံနည်းသူများကို ယာဉ်ကြီးမောင်းနှင်ခွင့် လိုင်စင်ထုတ်မပေးရန် ကန့်သတ်မှုတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒီနေ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ကိစ္စကတော့ ကျွန်တော်တို့ တရုတ်-မြန်မာလမ်းမကြီးဖြစ်တဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးပေါ်မှာ ကုန်တင်ယာဉ်ကြီးတွေနဲ့ ယာဉ်ငယ်များ၊ လူများသွားလာတဲ့အခါမှာ ယာဉ်တိုက်မှုတွေဖြစ်ပေါ်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော် မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဒီလိုဖြစ်ပွားတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သီပေါမြို့မှာ မြို့နယ်ဧရိယာအတွင်းမှာ လေ့လာထားချက်အရကတော့ ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ နှစ်နှစ်အတွင်းမှာ ယာဉ်တိုက်မှုတွေဖြစ်ပွားခဲ့တဲ့နေရာမှာ ၂၀၁၂ ခုနှစ်မှာ ယာဉ်ကြီးမောင်းတဲ့သူ စုစုပေါင်း ၂၅ ယောက် မှာ အသက် ၄၀ အောက်က ၁၉ ဦး၊ အသက် ၄၀ အထက်က ၆ ဦးပါဝင်တာတွေ့ရှိရပြီးတော့ ၂၀၁၃ ခုနှစ်မှာကတော့ အသက် ၄၀ အောက်က ၁၇ ဦး၊ အသက် ၄၀ အထက်က ၂ ဦး ပါဝင်တာ တွေ့ရပါတယ်။

အဲ့ဒီလို ဖြစ်တဲ့ကိစ္စတွေမှာဆိုလို့ရှိရင် သက်ဆိုင်ရာဌာနရဲ့ ရဲစစ်ဆေးချက်အရဆိုလို့ရှိရင်တော့ ယာဉ်မောင်းသမားတွေက မဆင်မခြင်မောင်းနှင်တာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို သိရှိလိုက်နာမှုအားနည်းတာ၊ ဆိုင်ကယ်စီးတဲ့လူငယ်တွေကလည်း ယာဉ်စည်းကမ်း သိရှိလိုက်နာမှုအားနည်းတာစတဲ့ကိစ္စတွေကြောင့်လို့ အကြမ်းဖျင်းတွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ဒီကိစ္စတွေနဲ့ပတ်သက်လို့ရှိရင် ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ဒီလိုယာဉ်မတော်တဆထိခိုက်မှုတွေနဲ့ပတ်သက်ပြီးတော့ တစ်ပြည်လုံး အတိုင်းအတာအရ စနစ်တကျလေ့လာသုံးသပ်မှုပြုထားတာရှိပါသလား။ ဒုတိယမေးခွန်းအနေနဲ့ကတော့ အဲ့ဒီလိုလေ့လာတွေ့ရှိချက်ရလဒ်များကို အခြေခံပြီးတော့ ဒီလိုယာဉ်မတော်တဆထိခိုက်မှုတွေကို လျော့နည်းကျဆင်းသွားစေဖို့အတွက် လိုအပ်တဲ့နည်းဥပဒေတွေ၊ စည်းကမ်းသတ်မှတ်ချက်တွေ ထုတ်ပြန်ဖို့ အစီအစဉ်ရှိပါသလား။

နောက်မေးခွန်းတစ်ခုကတော့ ကျွန်တော်တို့ အကြမ်းဖျင်းသိရှိထားရတဲ့ အချက်ဖြစ်တဲ့ အသက် ၄၀ အောက်ငယ်ရွယ်သူတွေ မောင်းနှင်တဲ့ယာဉ်ကြီးတွေက မတော်တဆဖြစ်မှု ပိုမိုများပြားနေတဲ့

အတွက်ကြောင့်မို့လို့ နောင်မှာဆိုလို့ရှိရင် ကားမောင်းတဲ့အသက်အရွယ်နဲ့ လိုင်စင်ထုတ်ပေးတာအစား ကားမောင်းတဲ့အတွေ့အကြုံရော၊ အသက်အရွယ်ရောကြည့်ပြီးတော့ ၄၀ အောက် ငယ်ရွယ်သူတွေကို ယာဉ်ကြီးတွေမောင်းနှင်ခွင့် လိုင်စင်ထုတ်မပေးဘဲ ကန့်သတ်မှုပြုဖို့ စဉ်စားထားတာများရှိပါသလား ဆိုပြီးတော့ ကျွန်တော်မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း မေးမြန်းတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် ဆိုင်ကယ်များ ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားလျက်ရှိသဖြင့် ယာဉ်မတော်တဆတိုက်ခိုက်မှုနှင့်ပတ်သက်၍ စနစ်တကျလေ့လာသုံးသပ်မှု ပြုထားခြင်းရှိ/မရှိ၊ လေ့လာတွေ့ရှိချက်ရလဒ်များပေါ်အခြေခံ၍ မတော်တဆထိခိုက်မှုလျော့နည်းကျဆင်းသွားစေရန် လိုအပ်သည့်နည်းဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်ဥပဒေများရှိ/မရှိ၊ ထုတ်ပြန်တဲ့ စည်းကမ်းချက်များမှာ အသက် ၄၀ နှစ်အောက်ငယ်ရွယ်သူများနဲ့ အတွေ့အကြုံနည်းသေးသူများကို ယာဉ်ကြီးမောင်းနှင် ခွင့်လိုင်စင်ထုတ်မပေးရန် ကန့်သတ်မှုပြုလုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရည်မှန်းချက်ထားပြီးတော့ မြန်မာနိုင်ငံအတွင်း ယာဉ်မတော်တဆထိခိုက်မှုများနှင့် ပတ်သက်ပြီး စနစ်တကျစာရင်းဇယားများပြုစုခြင်း၊ လေ့လာဆန်းစစ်ခြင်း၊ သုံးသပ်ခြင်း၊ အခြားသက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လစဉ်အချက်အလက်များစုစည်းပြီးတော့ ယာဉ်တိုက်ခိုက်မှုနှစ်ချုပ်အစီရင်ခံစာများကိုတော့ နှစ်စဉ်ပြုစုထားရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၃ ခုနှစ်အတွက် ပြုစုထားရှိတဲ့ နှစ်ချုပ်အစီရင်ခံစာအရ မြန်မာနိုင်ငံရဲ့ ယာဉ်မတော်တဆဖြစ်မှုအခြေအနေမှာတော့ ယာဉ်တိုက်မှု ၁၃၉၁၂ မှုဖြစ်ခဲ့ပြီးတော့ အဲ့ဒီအထဲမှာဒဏ်ရာရမှု ၂၃၃၇၈ ဦး၊ သေဆုံးမှု ၃၇၂၁ ဦးရှိခဲ့ပါတယ်။ ယာဉ်တိုက်မှုဖြစ်ရခြင်း အကြောင်းများကို သုံးသပ်ရာမှာ ယာဉ်မောင်းစည်းကမ်းပျက်မှု ၉၃.၇၇ ရာခိုင်နှုန်း၊ လမ်းကူးပေါ့ဆမှု ၄.၄၈ ရာခိုင်နှုန်း၊ ယာဉ်ချို့ယွင်းမှု ၁.၄၅ ရာခိုင်နှုန်း၊ လမ်းချို့ယွင်းမှု ၀.၂၈ ရာခိုင်နှုန်းနဲ့ ရာသီဥတုကြောင့် ဖြစ်ပွားမှု ၀.၀၂ ရာခိုင်နှုန်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယာဉ်အမျိုးအစားအလိုက်ဖြစ်ပွားခဲ့မှုများကို စိစစ်ရာမှာ လူစီးယာဉ် ၁၇.၈၄ ရာခိုင်နှုန်း၊ ကုန်တင်ယာဉ် ၁၁.၄၇ ရာခိုင်နှုန်း၊ ခရီးသည်တင်ယာဉ် ၆.၄၈ ရာခိုင်နှုန်း၊ အခြားယာဉ် ၁.၁၃ ရာခိုင်နှုန်း၊ နှစ်ဘီးတပ်မော်တော်ဆိုင်ကယ် ၄၉.၉ ရာခိုင်နှုန်း၊ သုံးဘီးယာဉ် ၁.၇၆ ရာခိုင်နှုန်း၊ ထော်လာဂျီ ၅.၇ ရာခိုင်နှုန်း၊ တပ်မတော်ယာဉ် ၀.၁၉ ရာခိုင်နှုန်းနဲ့ စိစစ်ဆဲ ၅.၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။

ယာဉ်တိုက်ခိုက်မှုဖြစ်တဲ့ ယာဉ်မောင်းများကို ယာဉ်မောင်းလိုင်စင်ရှိ/မရှိ စိစစ်တဲ့အထဲမှာတော့ ၅၅.၄၃ ရာခိုင်နှုန်းကျော်က ယာဉ်မောင်းလိုင်စင်မရှိဘဲနဲ့ မောင်းနှင်တဲ့အတွက်ကြောင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆထိခိုက်မှုဖြစ်ပွားတဲ့ အငှားယာဉ် ယာဉ်မောင်းလိုင်စင်ဖြစ်တဲ့ င ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူများကို အသက်အပိုင်းအခြားအလိုက်စိစစ်ရာမှာ အသက် ၄၀ နှစ်အောက်ယာဉ်မောင်းများရဲ့ ယာဉ်မတော်တဆဖြစ်ပွားမှုဟာ ၄၉.၃ ရာခိုင်နှုန်း ဖြစ်ပြီးတော့ အသက် ၄၀ နှစ်ရဲ့အထက် ယာဉ်မောင်းများရဲ့ ယာဉ်မတော်တဆဖြစ်ပွားမှုက ၅၀.၇ ရာခိုင်နှုန်းဖြစ်ပွားတဲ့အတွက်ကြောင့် အသက် ၄၀ နှစ်အထက်ယာဉ်မောင်းများရဲ့ ယာဉ်မတော်တဆဖြစ်ပွားမှုက အနည်းငယ်ပိုပြီးတော့ များနေတဲ့အကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ယာဉ်မတော်တဆဖြစ်ပွားမှုနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့ စာရင်းဇယားများ လစဉ်ရယူခြင်း၊ စိစစ်သုံးသပ်ခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်တိုက်ခိုက်မှုအန္တရာယ်လျော့နည်းကျဆင်းစေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးများမှာ ၂၀၁၃ ခုနှစ်အတွက်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲ ၁၄၆၅ ကြိမ်ပြုလုပ်ခဲ့ပြီးတော့၊ တက်ရောက်သူ ၂၈၉၃၈၅ ဦး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရက်တိုသင်တန်း ၂၀၉၅ ကြိမ်ဖွင့်လှစ်ပြီးတော့ တက်ရောက်သူ ၂၈၈၈၀၀ ဦး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယာဉ်မတော်တဆဖြစ်ရခြင်း အကြောင်းရင်း

များကို သုံးသပ်ရာမှာ ယာဉ်ကိုကျွမ်းကျင်စွာမောင်းနှင်တတ်သော်လည်း ယာဉ်မောင်းသူရဲ့ စည်းကမ်းပျက်မှုကြောင့် ၉၃.၇၇ ရာခိုင်နှုန်းဖြစ်ပွားခဲ့ကြောင်း တွေ့ရတဲ့အတွက်ကြောင့် စည်းကမ်းပျက်ယာဉ်မောင်းများကို ထိရောက်စွာအပြစ်ပေးအရေးယူနိုင်ရေးအတွက် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိအားဖြင့် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအရ အသက် ၁၈ နှစ်ပြည့်ပြီးမှသာ ကိုယ်ပိုင်ယာဉ်ငယ်မောင်းလိုင်စင် (ခ) လိုင်စင်ရရှိနိုင်မှာဖြစ်ပြီးတော့ အငှားယာဉ်ကြီးမောင်းလိုင်စင်ဖြစ်တဲ့ (င) လိုင်စင်လျှောက်ထားရာမှာ ကိုယ်ပိုင်မော်တော်ယာဉ်ငယ်မောင်းလိုင်စင်ဖြစ်တဲ့ (ခ) လိုင်စင်သက် ငါးနှစ်သက်တမ်းပြည့်ပြီး သူက ပေးရပါတယ်။ အလားတူပဲ အငှားယာဉ်ငယ်မောင်းလိုင်စင်ဖြစ်တဲ့ (ဃ) လိုင်စင်သက် နှစ်နှစ် သက်တမ်းပြည့်ပြီးသူကိုသာ ပေးရပါတယ်။ အဲ့ဒီအတွက်ကြောင့် အငှားယာဉ်ကြီးများမောင်း လိုင်စင်ရရှိနိုင်တဲ့သူက အနည်းဆုံး အသက် ၂၃ နှစ်ပြည့်ပြီးသူများသာ ဖြစ်ပါတယ်။ ယာဉ်သွားလာမှုဆိုင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိမှု ရေးဖြေစစ်ဆေးခြင်း၊ လက်တွေ့ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းများ ဖြေဆိုအောင်မြင်မှသာလျှင် ယာဉ်မောင်းလိုင်စင်များကို ထုတ်ပေးလျက်ရှိပါတယ်။

အငှားယာဉ်ကြီးမောင်းလိုင်စင်ထုတ်ပေးခြင်းနှင့်ပတ်သက်ပြီးတော့ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံတချို့ရဲ့ အသက်ကန့်သတ်ချက်ကို လေ့လာရာမှာ ဖိလစ်ပိုင်နိုင်ငံမှာ အသက် ၁၈ နှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အသက် ၂၀ နှစ်၊ ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှာ အသက် ၂၁ နှစ်ဖြစ်ပြီးတော့ ကမ္ဘောဒီးယားနိုင်ငံမှာ အသက် ၂၄ နှစ်၊ လာအိုမှာ အသက် ၂၅ နှစ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အလားတူပဲ အမေရိကန်၊ အင်္ဂလန်နှင့် ဂျပန်နိုင်ငံတွေရဲ့ ယာဉ်ကြီးမောင်းလိုင်စင်ထုတ်ပေးမှုကို စိစစ်တဲ့အချိန်မှာ ၂၁ နှစ်နဲ့ ခွင့်ပြုလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ဒီတွေ့ရှိချက်များအရ ကျွန်တော်တို့ နိုင်ငံက သတ်မှတ်ဆောင်ရွက်လျက်ရှိတဲ့ အငှားယာဉ်ကြီးမောင်းလိုင်စင် (င) လိုင်စင်အတွက် အသက် ၂၃ နှစ်နဲ့ ကန့်သတ်ထားမှုဟာ အခြားနိုင်ငံများနဲ့ ကွာခြားမှု သိပ်ပြီးတော့မဖြစ်ကြောင်း သုံးသပ်တွေ့ရှိကြောင်း တင်ပြအပ်ပါတယ်။ မှတ်ပုံတင်ထားရှိတဲ့ ယာဉ် အားလုံး မောင်းနှင်ခွင့်ပြုတဲ့ အငှားယာဉ်ကြီးမောင်းလိုင်စင်ဖြစ်တဲ့ (င) ယာဉ်မောင်းလိုင်စင်ကို အသက် ၄၀ နှစ်ပြည့်ပြီးသူများကိုသာ ထုတ်ပေးမယ်ဆိုလို့ရှိရင် အသက် ၄၀ နှစ်အောက်လူငယ်များ

အနေနဲ့ အလုပ်အကိုင်လုပ်ရန်အတွက် အရွယ်ကောင်းဖြစ်သော်လည်း အလုပ်အကိုင်အခွင့်အလမ်း လျော့သွားနိုင်ခြင်း၊ လိုင်စင်မဲ့ သို့မဟုတ် သတ်မှတ်လိုင်စင် မဟုတ်တဲ့ အဆင့်မမီတဲ့လိုင်စင်အမျိုးအစားနဲ့ ယာဉ်ကြီးများကို မောင်းနှင်နေမှုများဖြစ်နိုင်ပြီးတော့ ဥပဒေချိုးဖောက်မှုများဖြစ်နိုင်ခြင်း၊ အစောပိုင်းက ကျွန်တော်တင်ပြထားခဲ့တဲ့အတိုင်း အသက်အပိုင်းအခြားအလိုက် သုံးသပ်ရာမှာလည်း အသက် ၄၀ နှစ် နဲ့အထက် ယာဉ်မောင်းများရဲ့ တစ်နိုင်ငံလုံးရဲ့ ယာဉ်မတော်တဆထိခိုက်မှု အနည်းငယ်ပိုများခြင်း စတဲ့ အချက်များကိုထောက်ရှုပြီး အသက် ၄၀ အောက်ငယ်ရွယ်သူများကို ယာဉ်ကြီးမောင်းနှင်ခွင့်လိုင်စင် ထုတ်မပေးရေး ကန့်သတ်မှုပြုလုပ်နိုင်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မိုင်းရှူးမြို့မှ နှစ်မိုင်နှင့်အထက် ကွာဝေးသော မိုင်းအော့ကျေးရွာအုပ်စုဒေသ၊ ဝမ်ဆော့ကျေးရွာအုပ်စုဒေသနှင့် မိုင်းစံမြို့နယ်ခွဲဒေသများသို့ GSM တာဝါတိုင်များ ထပ်မံဖြည့်စွက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးကျော်တင်ရွှေ၊ မိုင်းရှူးမဲဆန္ဒနယ်ကိုယ်စား ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်တောင်းရင်းနဲ့ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရွှေရဲ့ ကိုယ်စားကျွန်တော် လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီက မေးခွန်းများကိုမေးမြန်းတင်ပြပါ့မယ်။ မိုင်းရှူးမြို့တွင် GSM တာဝါတိုင်တစ်ခုနှင့် ဝမ်ကွမ်တောင်ပေါ်တွင် CDMA 450 တာဝါတိုင်တစ်ခုရှိပြီး GSM တာဝါတိုင်မှ မိုင်းရှူးမြို့အနီးနှစ်မိုင်ပတ်လည်သာ ဖုန်းပြောနိုင်ပါတယ်။ ဒါကြောင့် ကျေးလက်တောရွာ၌ ဖုန်းများကိုင်ဆောင်အသုံးပြုနိုင်ရန်အတွက် GSM ဖုန်းကတ်များ တန်ဖိုးနည်းအစဉ်မပြတ်ရောင်းပေးနေသော်လည်း ကျေးလက်နေပြည်သူများမှာ ဝယ်ယူအသုံးပြုနိုင်ခြင်းမရှိသေးပါခင်ဗျာ။ သို့ဖြစ်ပါသဖြင့် ကျွန်တော် မေးလိုသောမေးခွန်းမှာ မိုင်းရှူးမြို့မှနှစ်မိုင်နှင့်အထက်ကွာဝေးသော မိုင်းအော့ကျေးရွာအုပ်စုဒေသ၊ ဝမ်ဆော့ကျေးရွာအုပ်စုဒေသနှင့် မိုင်းစံမြို့နယ်ခွဲဒေသများသို့ GSM တာဝါတိုင်များ ထပ်မံဖြည့်စွက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးပါမည်လဲ။ အစီအစဉ်မရှိပါက အဘယ်ကြောင့်

နည်း။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးပါရန် မိဘပြည်သူများ၏ ကိုယ်စား ရိုသေစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

[ဦးကျော်တင်ဆွေ၊ မိုင်းရှူးမဲဆန္ဒနယ် ကိုယ်စား ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ လေးစားစွာ ဆန္ဒပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ဆွေရဲ့ကိုယ်စား ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်က မေးသွားတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းရှူးမြို့က နေပြီးတော့ နှစ်မိုင်နဲ့အထက်ကွာဝေးတဲ့ မိုင်းအော့ကျေးရွာအုပ်စုဒေသ၊ ဝမ်ဆော့ကျေးရွာအုပ်စုဒေသနှင့် မိုင်းစံမြို့နယ်ခွဲဒေသများကို GSM တာဝါတိုင်များထပ်မံဖြည့်စွက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ မိုင်းရှူးမြို့နယ်အတွင်းမှာ GSM ရေဒီယိုစခန်းတစ်ခုနဲ့ CDMA 450 MHz ရေဒီယိုစခန်းတစ်ခုကို တည်ဆောက်တပ်ဆင်ပေးပြီးဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ကျွန်တော်တို့ မိုဘိုင်းတယ်လီဖုန်းများကို တိုးချဲ့တပ်ဆင်ရေးဆောင်ရွက်နေတဲ့အနေအထားမှာ ယခုကာလမှာ ကျွန်တော်တို့ လိုင်းအသစ် တစ်သန်းနဲ့ အစားထိုးလဲလှယ်ခြင်း သုံးသန်းစီမံကိန်းကို ဆောင်ရွက်ပေးလျက်ရှိပြီးတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်ချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ကျွန်တော်တို့ ရေဒီယိုစခန်း ၁၀ ခု ထပ်မံတိုးချဲ့တပ်ဆင်ဖို့ လျာထားခဲ့ပြီးဖြစ်ပါတယ်။ လောလောဆယ် ကျွန်တော်တို့ မိုင်းရှူးမြို့နယ်က လျာထားချက်မှာ ပါဝင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ လောလောဆယ်တာဝါတိုင်များ ထပ်မံဖြည့်စွက်ပေးဖို့ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနဲ့ လာမယ့်ဘဏ္ဍာရေးနှစ်များမှာ ဆက်လက်တိုးချဲ့ဆောင်ရွက်ဖို့ စီမံကိန်းများရှိနေပါ

တယ်။ ဒါကြောင့်မို့လို့ မိုင်းရှူးမြို့နယ်အပါအဝင် မိုင်းရှူးမြို့နယ်အတွင်း သင့်လျော်တဲ့နေရာဒေသများမှာ ရေဒီယိုစခန်းများ ထပ်မံတိုးချဲ့တပ်ဆင်ပေးဖို့အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နဲ့ အသေးစိတ်ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဦးစားပေးလျာထားချက်များအတိုင်း ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့် PCO ဖုန်းများမှ လစဉ်ကောက်ခံနေသည့် အခွန်ငွေ ၃၀၀၀ိ/- အား ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ် ကိုယ်စား ဦးညီညီမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအား ၂၀၁၀ ခုနှစ် ဩဂုတ်လမှစပြီးတော့ ၂၀၁၂ တိုင်အောင် PCO ဖုန်းတွေကို ကနဦးသွင်းစျေး ၁၂၀၀၀၀၊ ၁၃၀၀၀၀ စသဖြင့် ပေးသွင်းရပြီးတော့ လစဉ် bill ရဲ့ ၁၀ ရာခိုင်နှုန်းကို အခွန်အဖြစ် ပေးသွင်းရပါတယ်။ အဲ့ဒီကနေ နောက်ပိုင်းမှာဆိုရင် ၅ ရာခိုင်နှုန်းထပ်လျှော့ပြီးတော့ နောက်ပိုင်း ယနေ့အချိန်ကာလမှာဆိုလို့ရှိရင် ကျွန်တော်တို့ လစဉ် ၃၀၀၀ သွင်းနေရပါတယ်။ အခုအခါမှာ တန်ဖိုးနည်း SIM Card တွေ ၁၅၀၀ နဲ့ နေရာအနှံ့အပြားမှာ ရရှိနေပြီဖြစ်တဲ့အတွက် PCO လုပ်ကိုင်တဲ့လူတွေအတွက် အခွင့်အလမ်း နည်းသွားပြီးတော့ ဝင်ငွေလည်းနည်းသွားပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထုပ်ဝန်ပိုးမဖြစ်ရလေအောင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ကောက်ခံလျက်ရှိတဲ့ PCO အခွန် ၃၀၀၀ ကျပ်အား လျှော့ပေါ့ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ် ကိုယ်စား ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဦးစွာဆန္ဒပြုတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းသွားတဲ့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေနဲ့ PCO ဖုန်းတွေကနေပြီးတော့ လစဉ်ကောက်ခံနေတဲ့ အခွန်ငွေ ၃၀၀၀ ကျပ်အား ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့်ပယ်ဖျက်ပေးနိုင်ပါက မည်သည့်လမှစတင်ဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းတဲ့ကြယ် ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ပြည်သူတွေဆက်သွယ်မှု လွယ်ကူချောမောစေဖို့အတွက် ပြည်နယ်နဲ့တိုင်းဒေသကြီးအားလုံးမှာ အများပြည်သူသုံး PCO တယ်လီဖုန်းစခန်းများကို ကျွန်တော်တို့ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးခဲ့ပါတယ်။ အဲ့ဒီလိုဝန်ဆောင်မှုပေးခဲ့တာဟာ PCO တယ်လီဖုန်းတွေကို ယခင်က ဒီဝန်ဆောင်ခကို ပြောဆိုတဲ့မိနစ်ပေါ်မူတည်ပြီးတော့ အချိန်ပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ကောက်ခံခဲ့ပါတယ်။ အဲ့ဒီကမှတစ်ဆင့် ကျွန်တော်တို့ အချိန်ကာလရှုပ်ထွေးမှုတွေနဲ့ အားနည်းချက်တွေရှိတဲ့အတွက် ဒီဝန်ဆောင်ခကိုတစ်ခါ ကျွန်တော်တို့ ၅၀၀၀ နှုန်းနဲ့ကောက်ခံဖို့ဆိုပြီးတော့ သတ်မှတ်ပေးခဲ့ပါတယ်။ အဲ့ဒီကနေမှတစ်ဆင့် ၂၀၁၂ ခုနှစ် အောက်တိုဘာကစပြီးတော့ ၃၀၀၀ ကျပ်နှုန်းနဲ့ကောက်ခံဖို့ လျှော့ချဆောင်ရွက်ပေးခဲ့ပါတယ်။ အခုလောလောဆယ်အနေနဲ့ မိုဘိုင်း PCO တယ်လီဖုန်းတွေအတွက်ကောက်ခံတဲ့ ၃၀၀၀ ကျပ်ကို ဝန်ဆောင်ခအဖြစ်ကောက်ခံသွားမှာဖြစ်ပြီးတော့ လောလောဆယ် ပယ်ဖျက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဒီ PCO တယ်လီဖုန်းကိစ္စများကို သီးခြားအစီအစဉ်အနေနဲ့ ကျွန်တော်တို့စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနဲ့ ကျွန်တော်တို့ရဲ့အစီအစဉ်များကိုပြီးစီးတဲ့အခါမှာ ကျွန်တော်တို့အားလုံး၊ ပြည်သူအားလုံးသိရှိနိုင်အောင် ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အတိုးနှုန်းများစွာဖြင့် ငွေတိုးပေးစားနေသော လိုင်စင်ရကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တို့အား အရေးယူရန် အစီအစဉ်ရှိ/မရှိနှင့် မြန်မာအသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ညွှန်ကြားချက် ကိုလိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အသေး စားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆိုင်ရာလုပ်ထုံးလုပ်နည်း များ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၁) ညွှန်ကြားချက်အမှတ်(၂/၂၀၁၁)၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ် ဆေးရေးလုပ်ငန်း ညွှန်ကြားချက်အမှတ်(၁/၂၀၁၁)၊ တို့ဖြင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအမျိုးအစား အလိုက် အပ်ငွေလက်ခံခြင်းမပြုသည့်အဖွဲ့အစည်း၊ အပ်ငွေလက်ခံသည့်အဖွဲ့အစည်းတို့ဖြင့် လုပ်ငန်း လိုင်စင်များကို လုပ်ထုံးလုပ်နည်းအပိုဒ် ၂၅ အရ လျှောက်ထားနိုင်သည့်အဖွဲ့အစည်းအသီးသီးက ဥပဒေနှင့်အညီ လိုင်စင်ရယူဆောင်ရွက်လျက်ရှိကြပါတယ်။ အချို့သောကုမ္ပဏီများသာ လုပ်ငန်း လိုင်စင်များဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ညွှန်ကြားချက်အမှတ် (၁/၂၀၁၁) အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ် (၁)တွင် သတ်မှတ်အတိုးနှုန်းများဖြစ်သည့် ကျပ် ၁၀၀ တစ်လလျှင် ၂ ကျပ် ပြား ၅၀၊ တစ်နှစ်လျှင် ၃၀ ကျပ်နှုန်းထက်ပိုမိုသော နှုန်းထားများစွာဖြင့် ငွေချေး နေကြကြောင်း တစ်နည်းအားဖြင့် ပြည်သူလူထုကို အတိုးနှုန်းများဖြင့် ငွေတိုးပေးစားပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းလိုင်စင်ကို အကာအကွယ်ပြု အသုံးချဆောင်ရွက်နေကြကြောင်းလစဉ် အစီရင်ခံစာများကိုလိမ်လည်ပြီး ဆောင်ရွက်လျက်ရှိနေကြကြောင်း ကြားသိရပါတယ်။ သို့ဖြစ်ပါ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းလိုင်စင်များကို ငွေတိုးချေးစားခွင့်ရလိုင်စင်ကဲ့သို့ ပြည်သူတို့ အပေါ် နည်းမျိုးစုံအသုံးချပြီး အတိုးနှုန်းများစွာဖြင့် ငွေတိုးပေးစားနေကြသော လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများနဲ့ လူပုဂ္ဂိုလ်တို့အား မည်ကဲ့သို့အရေးယူဆောင်ရွက်မည်။ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းအပေါ် မည်သည့်အတိုင်းအတာထိ အထောက်အကူပြုဆောင်ရွက်နိုင်မည်နှင့် တာဝန်ရှိသူ များက လုပ်ငန်းလိုင်စင်အရောက် ကုမ္ပဏီများအဖွဲ့အစည်းများကို သက်ဆိုင်ရာရုံးများအရ လစဉ်

ပေးပို့သည့် အစီရင်ခံစာပါအတိုင်း မှန်ကန်ခြင်းရှိ/မရှိစစ်ဆေးခြင်းနှင့် အခြားစစ်ဆေးမှုများကို တစ်နှစ်လျှင်ဘယ်နှစ်ကြိမ်သွားရောက်စစ်ဆေးခဲ့သည်။ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းညွှန်ကြားချက်အမှတ်(၁/၂၀၁၁)နဲ့အညီ လိုင်စင်ရအဖွဲ့အစည်းအသီးသီးက တိကျစွာလိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ။ မရှိခဲ့လျှင်မည်ကဲ့သို့ အရေးယူဆောင်ရွက်မှုများရှိခဲ့သည်နှင့် အရေးယူဆောင်ရွက်မှု စုစုပေါင်းမည်မျှရှိခဲ့သည်တို့ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်မှ ရှင်းလင်းဖြေကြားအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းထွန်းဦးရဲ့ ဒီအသေးစားငွေရေးကြေးရေး လုပ်ငန်းနှင့်ပတ်သက်တဲ့ လုပ်ငန်းဟာအဓိကအားဖြင့် ပြန်လေ့လာတဲ့အခါမှာ အချက် ၃ ချက် မေးထားတာကို တွေ့ရှိရပါတယ်။ ပထမအချက်ကတော့ အသေးစားငွေရေးကြေးရေးလုပ်ငန်းလိုင်စင်ယူပြီး ငွေတိုးချေးစားနေတဲ့ ပုဂ္ဂိုလ်များကို ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကို မည်မျှအထောက်အကူပြုတယ်ဆိုတဲ့အချက်ကိုမေးမြန်းထားတာဖြစ်ပါတယ်။ တတိယအချက်ကတော့ စစ်ဆေးရေးနဲ့ အရေးယူဆောင်ရွက်မှုအခြေအနေကို မေးမြန်းထားတာဖြစ်ပါတယ်။ ဒီပထမနဲ့ တတိယမေးခွန်းတွေက ဆက်စပ်နေတဲ့အတွက် တစ်ဆက်တည်း ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကိုဖြေကြားမယ်ဆိုရင် ကျွန်တော်တို့ ဆင်းရဲမှုလျှော့ချရေးကိုအဓိက ရည်မှန်းပြီးတော့မှ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင်ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၃)ဖြစ်တဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေနှင့်အညီထုတ်ပေးခဲ့တာဖြစ်ပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရသူများ

အနေနဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ) အရ သတ်မှတ် ထုတ်ပြန်ထားတဲ့ ချေးငွေအပေါ်မှာကောက်ခံတဲ့ အတိုးနှုန်းကျပ် ၁၀၀ ကိုတစ်လလျှင် ၂.၅ ကျပ်၊ တစ်နှစ်လျှင် ၃၀ ကျပ်ထက်မပိုသော နှုန်းထားကိုသာရယူရမှာဖြစ်ပါတယ်။ ထို့ထက်ပိုတဲ့ အတိုးနှုန်းကိုရယူမည်ဆိုလျှင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ(င)အရ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းခြင်းပြစ်ဒဏ်ချမှတ်ခံရမှာဖြစ်ပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ဖျက်သိမ်းပြီးတဲ့နောက်မှာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လို့ရှိရင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၅၇ အရ ငွေဒဏ်ဖြစ်စေ၊ ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်အရေးယူဆောင်ရွက်သွားနိုင်ပါတယ်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုမှာရှိတဲ့ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအဖွဲ့များမှ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ၃၀ ဖွဲ့ ဖွဲ့စည်းပြီးတော့မှ သတ်မှတ်စည်း ကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ၈၇ ကြိမ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ၂၈၃ ကြိမ်စစ်ဆေးနိုင်ခဲ့ပါတယ်။ အချို့သော လုပ်ငန်းဆောင်ရွက်မှုပမာဏ ကြီးမားတဲ့အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား တိုင်းဒေသကြီး/ပြည်နယ် တစ်ခုထက်ပိုမိုပြီးတော့ လုပ်ငန်းဆောင်ရွက်နေသဖြင့် စစ်ဆေးခံရမည့် အသေးစားငွေရေးကြေးရေးအဖွဲ့ခွဲအရေအတွက်ဟာ စုစုပေါင်း ၃၂၆ ဖွဲ့ရှိပါတယ်။ ဒါကြောင့်မို့လို့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများရဲ့ ရုံးချုပ်နှင့်အဓိကကျတဲ့ ရုံးခွဲများကိုဦးစားပေး ရွေးချယ်စစ်ဆေးလျက်ရှိပါတယ်။ စစ်ဆေးရာမှာ အတိုးနှုန်းပိုမိုခြင်းမရှိပေမယ့်လည်း အတိုးတွက်ချက်ရာမှာ ချေးယူတဲ့ချေးငွေပမာဏအပေါ်မှာ ကျသင့်အတိုးကို ချေးငွေပြန်လည်ပေးဆပ်မှုကြောင့် လျော့နည်းသွားခြင်းကို ထည့်သွင်းစဥ်းစားမှုမပြုဘဲ ပုံသေတွက်ချက်ကောက်ခံနေခြင်းများကို စစ်ဆေးတွေ့ရှိရပါတယ်။

ဒီလို အတိုးတွက်ချက်ရာမှာ ချေးငွေပြန်လည်ပေးဆပ်မှုကြောင့် အဆင့်ဆင့်လျော့နည်းသွားတဲ့ ချေးငွေပမာဏအပေါ်မှာ မှန်ကန်စွာ တွက်ချက်ကောက်ခံမှုရှိ/မရှိ။ စနစ်တကျကြပ်မတ်စစ်ဆေးဖို့လည်းကျွန်တော်တို့ သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့များကို ညွှန်ကြားချက်ထုတ်ပြန်ထားရှိပြီးလည်းဖြစ်ပါတယ်။ ယခင်အတိုင်း ဆက်လက်ကောက်ခံခြင်းကို ထပ်မံစစ်ဆေးတွေ့ရှိရလို့ရှိရင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၄၄၊ ပုဒ်မ ၅၇ တို့အရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး

လုပ်ငန်းညွှန်ကြားချက်အမှတ်(၁/၂၀၁၁) နဲ့ထုတ်ပြန်ထားရှိတဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများမှာ ထိန်းသိမ်းထားရှိတဲ့ စာရင်းဇယားပုံစံများကို လိုက်နာဆောင်ရွက်မှုရှိ/မရှိကိုလည်း စစ်ဆေးပါတယ်။ စာရင်းဇယားပုံစံကွဲပြားစေကာမူ သဘောသဘာဝချင်းတူပြီး စာရင်းစစ်ဆေးခံနိုင်တဲ့ စာရင်းဇယားတွေကို လက်ခံစစ်ဆေးပြီးတော့မှ သတိပေးခြင်း၊ ပညာပေးပြုပြင်ပြောင်းလဲလုပ်ဆောင် စေလျက်ရှိပြီးတော့ ယနေ့အထိတော့ ဒီညွှန်ကြားချက်(၁/၂၀၁၁)နဲ့ပတ်သက်လို့ သီးခြားအရေးယူ ဆောင်ရွက်မှုတွေ မရှိသေးပါဘူး။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအပေါ်မှာ မည်သည့်အတိုင်းအတာထိ အထောက်အကူပြုသလဲဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ လိုင်စင်ထုတ်ပေးထားတဲ့ အဖွဲ့အစည်း အရေအတွက်၊ အသင်းသားအရေအတွက်၊ ထုတ်ချေးငွေ၊ လုပ်ငန်းဆောင်ရွက်တဲ့ နယ်မြေဒေသတို့ကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ခန့်မှန်းသိရှိနိုင်ပါတယ်။ ဥပဒေပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှစ၍ ယနေ့ထိ နှစ်နှစ်ကျော်ကာလအတွင်းမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ၁၈၉ ဖွဲ့ကို ထုတ်ပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်းအသင်းသားဦးရေ ၈၀၂၂၅၈ ဦးနှင့် စုစုပေါင်း ထုတ်ချေးငွေကျပ် ၁၄၉၀၆၅.၄၇ သန်းရှိပြီးတော့မှ ၁၈၂ မြို့နယ်မှာ ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နှစ်နှစ်ကျော်ကာလအတွင်းမှာ ထိုမျှဆောင်ရွက်နိုင်သည်ကို ကြည့်ခြင်းအားဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဟာ တစ်စုံတစ်ရာသော အတိုင်းအတာအထိ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုကြောင်းနှင့် ယခုထက် ပိုမိုပြီးတော့ စနစ်တကျရှိစေဖို့အတွက်လည်း သက်ဆိုင်ရာဌာနအနေနဲ့ ကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းအားမေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဒုတိယ ဝန်ကြီးဖြေကြားသွားတဲ့ အထဲမှာ အောက်ခြေထိမရောက်သေးဘူးဆိုတဲ့ သဘောသဘာဝဖြေကြားသွား ပါတယ်။ အဲ့ဒီအတွက်အောက်ခြေအသင်းထိ စစ်ဆေးနိုင်ဖို့ ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ဝန်ထမ်းအရေအတွက် နည်းနေကြောင်းကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ဒီလိုလိုအပ် တဲ့ဝန်ထမ်းတွေကို တိုးချဲ့ဖွဲ့စည်းပြီးတော့ ထပ်မံပြီးအောက်ခြေအထိ သွားရောက်စစ်ဆေးနိုင်မှုရှိ/မရှိ။ ဒီလိုစစ်ဆေးတဲ့နေရာမှာလည်းပဲ အတိုးနှုန်းမှန်ကန်စွာရှိ/မရှိကို ထည့်ဝင်ထားတဲ့၊ ချေးယူကြတဲ့ အသင်း

သားများအထိ တွေ့ရှိဖို့အစီအစဉ် ရှိ/မရှိသိရှိလိုပါကြောင်း တစ်ဆက်တစ်စပ်တည်း မေးခွန်းအား လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်ဦးရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဖြေကြားပါမယ်။ ကျွန်တော်တို့ ဒီအောက်ခြေအထိစစ်ဆေးနိုင်ဖို့ လိုအပ်တဲ့ဝန်ထမ်းတွေကို တိုးချဲ့ဖွဲ့စည်းနိုင်ဖို့ကိစ္စမှာ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာန အနေနဲ့လည်း ဒါကိုဆောင်ရွက်လျက်ရှိပါတယ်။ ဒါကိုဆောင်ရွက်တဲ့နေရာမှာ ဒီလက်ရှိဌာနရဲ့ဖွဲ့စည်းပုံဟာ မြန်မာ့အသေးစားငွေရေးကြေးရေးလုပ်ငန်းနဲ့ ဒီမြန်မာ့ အသေးစားချေးငွေလုပ်ငန်းနှစ်ခုလုံးအတွက်ကို ပေါင်းစပ်ပြီးတော့ဖွဲ့စည်းထားတာရှိပါတယ်။ အဲ့ဒါကို ကျွန်တော်တို့က အခြေခံဥပဒေအရဆိုရင် ဒီအသေးစားချေးငွေလုပ်ငန်းဟာ တိုင်းဒေသကြီး/ပြည်နယ်များမှာဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ဒီဌာနရဲ့ဖွဲ့စည်းပုံသုံးခု အသေးစားငွေရေးကြေးရေးကြီးကြပ်ရေးလုပ်ငန်းအတွက်ပဲ သီးခြားဖွဲ့စည်းပုံ ပြင်ဆင်ပြီးတော့ ဒါတင်ပြဖို့အတွက်ကို ကျွန်တော်တို့ ဆောင်ရွက်နေတာရှိပါတယ်။ ဒီဇန်နဝါရီလထဲမှာပဲ ကျွန်တော်တို့အစိုးရအဖွဲ့ရုံးကို တင်ပြဖို့ရှိပါတယ်။ အဲ့ဒါကျရင်တော့ ကျွန်တော်တို့က ဒီဌာနအနေနဲ့ ဒီအသေးစားငွေရေးကြေးရေးလုပ်ငန်းကို လိုအပ်တဲ့ဝန်ထမ်းတွေ ပြည့်ပြည့်ဝဝဖွဲ့စည်းပြီးတော့ အထူးပြုပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒါပထမမေးခွန်းကိုဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ကတော့ ဒီအောက်ခြေအထိကို အတိုးနှုန်းတွက်ချက်စစ်ဆေးနိုင်ဖို့ရာ ခုနက ဖြေကြားတာနဲ့ဆက်စပ်ပြီး ဒီဖွဲ့စည်းပုံဟာ လာမယ့် ၂၀၁၄ ခုနှစ်အတွင်းမှာ အသစ်ကျမှာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံကျတာနဲ့ ကျွန်တော်တို့က ဒီဝန်ထမ်းပြည့်ပြည့်ဝဝရရှိပြီဆိုလို့ရှိရင် အောက်ခြေအထိ အတိုးနှုန်းများကိုပါ တကယ်ချေးယူတဲ့လူဆီက အမှန်တကယ်ပေါ့ သတ်မှတ်ထားတဲ့အတိုးနှုန်းလဲရ/မရ။ ပိုပြီးတော့ ချေး/မချေးကို ကျွန်တော်တို့အနေနဲ့ အောက်ခြေအထိဆင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ထပ်မံဖြည့်စွက်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ခေတ်စနစ်နှင့်ညီညွတ်သော အခွန်ဆိုင်ရာ ဥပဒေများ အမြန်ပြုပြင်ပြဋ္ဌာန်းပေးနိုင်ခြင်းရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုမေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်ကြီးများ ကျန်းမာရွှင်လန်းကြပါစေ။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ အပြည့်အဝတိုးတက်ရရှိဖို့အတွက်ကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ရန် အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ အဲ့ဒီအဆိုနဲ့ပတ်သက်ပြီးတော့မှ ဥက္ကဋ္ဌကြီးက ခုနက လွှတ်တော်ရဲ့လုပ်ငန်းဆောင်တာတွေလွယ်ကူမြန်ဆန်ဖို့အတွက်ကို အဆိုတင်သွင်းသူကပဲ သက်ဆိုင်ရာဥပဒေကြမ်းကိုရေးဆွဲတင် သွင်းဖို့လမ်းညွှန်ချက်ကြောင့်မို့လို့ သတ္တမပုံမှန်အစည်းအဝေးမှာ ဒါနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် ဥပဒေကြမ်းတစ်ရပ်ကို တင်သွင်းခဲ့ပါတယ်။ အဲ့ဒီ ဥပဒေကြမ်းနဲ့ပတ်သက်လို့ ပြည်သူ့လွှတ်တော်ရဲ့ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကနေပြီးမှ အကြောင်းပြချက် ငါးရပ်နဲ့ပေါ့။ ကျွန်တော်တို့ ဒီဟာကို ဆိုင်းငံ့ထားသင့်ကြောင်းပြန်ကြားလာပါတယ်။ အဲ့ဒီအကြောင်းပြချက်များကို ခြုံငုံသုံးသပ်ရမယ်ဆိုလို့ရှိရင်တော့ ဒီကနေ့ နိုင်ငံတော်အစိုးရအနေနဲ့ကလည်းပဲ ဒေသဖွံ့ဖြိုးရေး၊ နောက်စီမံခန့်ခွဲရေး၊ နောက်စည်ပင်လုပ်ငန်းစတဲ့ အထောက်အကူပြုကုမ္ပဏီအသီးသီးကို အမိန့်ကြော်ငြာစာနဲ့ ထုတ်ပြန်ပြီးတော့မှ ဆောင်ရွက်နေသောကြောင့် ခုနကော်မတီများ အများအပြားရှုပ်ထွေးမှုမဖြစ်စေရန်ဖြစ်ကြောင်းကိုလည်း ကျွန်တော်တို့သုံးသပ်ရရှိပါတယ်။ ဒါလည်းမှန်တယ်လို့ ကျွန်တော်တို့ခံယူပါတယ်။ အဲ့ဒီတော့ တစ်ဖက်ကလည်း ကျွန်တော်တင်ပြခဲ့တဲ့အပေါ်မူတည်ပြီးတော့မှ နိုင်ငံတော်အနေနဲ့ အခွန်ဘဏ္ဍာငွေစည်းကြပ်မှုဗဟိုကော်မတီကို သူရဦးသောင်းလွင်ဦးစီးပြီးတော့ ဖွဲ့စည်းပြီးဆောင်ရွက်တဲ့အခါမှာ ဒီနှစ်ပေါ့။ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာရရှိတဲ့အခွန်သည် ယခင်နှစ်တွေထက်ကို ကျွန်တော်တို့ ကျပ်ငွေ ၆၆၉ ဘီလီယံပိုမိုရရှိကြောင်းလည်း ကျွန်တော်တို့ ဝမ်းမြောက်စွာ သတင်းများမှာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံတော်က လက်ခံကျင့်သုံးနေတဲ့ အခွန် ၁၄ မျိုးမှာ ပြည်တွင်းအခွန်များဦးစီးဌာနကနေ ငါးမျိုးတာဝန်ယူကောက်ခံပြီးတော့မှ ကျန်အခွန်အမျိုးအစားများကိုတော့ ဒေသအလိုက် ကောက်ခံမှာဖြစ်ပါတယ်။ အခွန်ရရှိမှုအချိုးကိုကြည့်လို့ရှိရင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၉၇ ရာခိုင်နှုန်းရရှိပြီးမှ ဒေသအလိုက်ကောက်ခံတဲ့ ကျန်အခွန် ၉ မျိုးက ၃ ရာခိုင်နှုန်း

ကျော်ခန့်သာရကြောင်းတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်သည် အဓိကကျကြောင်းကိုလည်း လေ့လာသိရှိနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကအခွန်ကောက်သည်ဆိုသည်မှာ ဘဏ္ဍာရန်ပုံငွေရဖို့ သက်သက်မဟုတ်ပါ။ နိုင်ငံတော်အတွင်းမှာ ငွေကြေးစီးဆင်းမှု၊ ငွေကြေးလည်ပတ်မှုမှန်ကန်စေဖို့၊ ငွေကြေးဖောင်းပွမှု လျော့နည်းစေဖို့၊ နောက်ဝင်ငွေကွာဟမှု လျော့နည်းစေဖို့အတွက်လည်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စီးပွားရေးစနစ်ကိုလည်းပဲ အထောက်အကူပြုပေးနိုင်ဖို့အတွက်ဖြစ်ကြောင်းလည်းလေ့လာသိရှိရပါတယ်။ ဒီနေရာမှာ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ အခွန်ရှောင်လွှဲခြင်းက အခြေအနေမတူညီကြကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာကြည့်လို့ရှိရင် လူတိုင်းအခွန်ဆောင်ရမယ်ဆိုတာကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ သိရှိလက်ခံပြီးမှ ကျင့်သုံးနေကြပါတယ်။ အခွန်ဆောင်ခြင်းဟာ ခုနက ကျွန်တော်တို့ အမျိုးသားယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခွန်ကို သူတို့က လိုလိုလားလားပေးဆောင်လျက်ရှိကြပါတယ်။ အဲဒီတော့ ဒီလိုပေးဆောင်လာတဲ့ အခြေခံအကြောင်းတရားများကိုကြည့်လို့ရှိရင် သက်ဆိုင်ရာ အစိုးရများအနေနဲ့ ရတဲ့အခွန်ကို ပြည်သူလူထုသိအောင် ရှင်းရှင်းလင်းလင်း အသုံးပြုတာလည်းပါပါတယ်။ နောက်တစ်ခါ အခွန်ငွေသုံးစွဲမှုအပါအဝင် ဆက်လက်ဆောင်ရွက်မည့် နိုင်ငံတော်အတွင်း စီမံကိန်းလုပ်ငန်းများကိုလည်းပဲ ပြည်သူတွေ သိရှိအောင် ကြိုတင်သတင်းထုတ်ပြန်မှုလည်းပါပါတယ်။ ဒါကြောင့်မို့လို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဖွံ့ဖြိုးပြီးနိုင်ငံဆိုလို့ရှိရင် အခွန်ကိုတာဝန်သိသိဆောင်ခြင်းဖြစ်ပါတယ်။ တစ်ဖက်က အခွန်ရငွေနဲ့ GDP အချိုးကိုကြည့်လို့ရှိရင် အာဆီယံနိုင်ငံများမှာ မြန်မာနိုင်ငံသည် အနိမ့်ဆုံးဖြစ်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ များသောအားဖြင့် နိုင်ငံတကာမှာ ဝန်ကြီးဌာနအချို့ဝန်ကြီးဌာနတွေ၊ စီးပွားရေးလုပ်ငန်းတွေကနေပြီးမှ ပြည်သူ့ဘဏ္ဍာငွေတွေသုံးစွဲတဲ့နေရာမှာ စနစ်မကျမှု၊ မရိုးဖြောင့်မှုများကြောင့် ဒါတွေဖြစ်ပေါ်လာတဲ့အခါမှာဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ အခွန်ရငွေနှင့်တစ်ဦးချင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး GDP နှုန်းထားများဟာလည်းပဲ များစွာနိမ့်ကျသွားကြောင်းပညာရှင်များက လေ့လာသုံးသပ်ခန့်မှန်းကြပါတယ်။ အာဆီယံနိုင်ငံများမှာ အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ မြန်မာနိုင်ငံဟာ အနိမ့်ဆုံးအဆင့်မှာရောက်ရှိနေပါတယ်။ ကျွန်တော်တို့ အာဆီယံစံနှုန်းအနေနဲ့ကြည့်လို့ရှိရင် အခွန်နှင့် GDP အချိုးဟာလည်းပဲ အနိမ့်ဆုံး ၁၀ ရာခိုင်နှုန်းရှိရမှာဖြစ်ပေမယ်လို့ မြန်မာနိုင်ငံအနေနဲ့ လက်ရှိအချိန်မှာ ၃.၇၂ ရာခိုင်နှုန်းခန့်သာရှိပါတယ်။ ကျွန်တော်တို့ ပြန်ကြည့်လို့ရှိရင် မြန်မာနိုင်ငံမှာ အခွန်ထမ်းဆောင်မယ့် ဦးရေအရေအတွက်၏ ၂ ရာခိုင်နှုန်းတောင်မပြည့်တဲ့ ပမာဏ

သာအခွန်ထမ်းဆောင်နေကြောင်းလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်တဲ့အခွန်အခကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်နိုင်မှသာ ငွေကြေးဖောင်းပွမှုလည်း ကျဆင်းသွားပါမယ်။ ထို့အပြင် ပြည်သူတွေအတွက် ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းတွေကိုလည်း တိုးတက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ထို့အပြင် ဒေသအလိုက် အသေး စား၊ အလတ်စားစက်မှုလုပ်ငန်းများကို တိုးချဲ့တည်ထောင်ပြီးတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်း များလည်းတိုးပွားလာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းတင်ပြလိုတာကတော့ ခုနကလည်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ရုံးခွန်၊ တံဆိပ်ခေါင်းခွန်တို့ကိုလည်း ဟိုးတစ်နေ့ကပဲ ကျွန်တော်တို့ လွှတ်တော်မှာ အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခေတ်စနစ်နှင့်ညီညွတ်တဲ့ အခွန်ဥပဒေများ ပြုပြင်ပြဋ္ဌာန်းရန်ဆိုတာကို ကျွန်တော်တို့ ဆောင်ရွက်ပြီးဖြစ်ကြောင်း ကျွန်တော်တို့ တွေ့ရပါတယ်။ နောက်တစ်ခါ အခွန်ထမ်းသင့်တဲ့ ပြည်သူအားလုံး အခွန်ထမ်းဆောင်နိုင်ဖို့အတွက်ကို ပညာပေးရှင်း လင်းမှုတွေကျယ်ပြန့်စွာလုပ်သင့်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြလိုတာကတော့ ခုနက Test Base လို့ခေါ်တဲ့ အခွန်ထမ်းဦးရေပမာဏတိုးပွားလာဖို့အတွက်ကို Tax Rate လို့ခေါ်တဲ့ အခွန်နှုန်း ထားသည် အမှန်တကယ်ထမ်းဆောင်နိုင်မယ့် နှုန်းထားဖြစ်အောင် ကျွန်တော်တို့ ပြန်လည်ပြုပြင်သင့် တယ်လို့ တင်ပြလိုခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်က အခွန်ထမ်းပြည်သူတွေရဲ့ ထမ်းဆောင်တဲ့အခွန်ပမာဏကို ကိန်းဂဏန်း အပိုင်းအခြား Tax Margin ဖြင့်ဖော်ပြပေးသင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒါကတော့ နှစ်စဉ် ကျပ်သန်း ၁၀၀၀ အထက်အခွန်ထမ်းတဲ့စာရင်း၊ ကျပ်သန်း ၅၀၀ အထက် အခွန်ထမ်းတဲ့စာရင်း နိုင်ငံခြားငွေနဲ့ဖြစ်လို့ရှိရင် ဒေါ်လာသန်း ၁၀၀ အထက်အခွန်ထမ်းတဲ့စာရင်းစသဖြင့် ကျွန်တော်တို့ ဒါကို ကြေညာပေးဖို့သင့်တယ်လို့ယူဆပါတယ်။ နိုင်ငံတော်အနေနဲ့ ပြီးခဲ့တဲ့နှစ်ကစပြီးတော့မှ အများဆုံးအခွန်ထမ်းစာရင်း ၅၀၀ ကြေညာခဲ့ပါတယ်။ သို့သော် မည်သည့် ပမာဏထမ်းဆောင် ကြောင်းကို ကျွန်တော်တို့ ဖော်ပြထားခြင်းမရှိခဲ့ပါဘူး။ အခွန်တော့ထမ်းနိုင်ပါတယ်။ ဥပမာ ကုမ္ပဏီကြီး တစ်ခုအနေနဲ့ ကျပ်သန်း ၁၀၀၀ အခွန်ထမ်းဆောင်ရမယ့်နေရာမှာ သန်း ၁၀၀ ပဲ ထမ်းနိုင်လို့ရှိရင် နိုင်ငံတော်အတွက် နစ်နာပါတယ်။ ဒါကြောင့်မို့လို့ Tax Margin ကိုလည်း ဖော်ပြပေးသင့်ကြောင်း ကျွန်တော်မေးမြန်းလိုပါတယ်။

နောက် အခွန်ထမ်းစာရင်းကို ပြည့်စုံတိကျစွာဖော်ပြခြင်းအားဖြင့် အခွန်တိမ်းရှောင်မှုစာရင်း လည်းပေါ်ထွက်လာမှာဖြစ်ပါတယ်။ ၎င်းတို့ကို လိုအပ်သလို ပညာပေးမှုများ ပြုလုပ်ခြင်းရှိ/မရှိလည်း

ကျွန်တော်တို့ မေးမြန်းလိုပါတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ် အခွန်အရပ်ရပ် ကောက်ခံရရှိမှုပမာဏနဲ့ လုပ်ငန်းကဏ္ဍအလိုက် ဖော်ဆောင်မည့်စီမံကိန်းများကို ပြည်သူသို့လည်း ကြိုတင်အသိပေး ကြေညာနိုင်ခြင်း၊ ပြုနိုင်ခြင်းရှိ/မရှိကိုလည်း မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားလိုပါတယ်။

## ဖြေကြားချက်

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို မေးမြန်းတဲ့ မေးခွန်းများနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုမေးမြန်းတဲ့ မေးခွန်းများအနက် ပထမမေးခွန်းဖြစ်တဲ့ ခေတ်စနစ်နှင့်ညီညွတ်သောအခွန်ဆိုင်ရာဥပဒေများ အမြန်ပြုပြင် ပြဋ္ဌာန်းပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြည်တွင်းအခွန်များဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိတဲ့ အခွန်ဆိုင်ရာဥပဒေများကို နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေမှုရှိစေဖို့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဥပဒေများကို ပြင်ဆင်ထုတ်ပြန်ခဲ့တာရှိပါတယ်။ ဒါတွေကတော့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁) နဲ့ အမြတ်ခွန်ဥပဒေကိုရုပ်သိမ်းခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂) ဖြင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေထုတ်ပြန်ခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃) ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေထုတ်ပြန်ခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၄) နဲ့ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေထုတ်ပြန်ခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅) နဲ့ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေထုတ်ပြန်ခြင်းတို့ဖြစ်ပါတယ်။

အဆိုပါ ပြင်ဆင်ပြီးတဲ့ အခွန်ဥပဒေများအတွက် အသေးစိတ်ဆောင်ရွက်ရန်အချက်များကိုလည်း သက်ဆိုင်ရာအခွန်ဥပဒေများအလိုက် နည်းဥပဒေ၊ စည်းမျဉ်းနှင့် အမိန့်ကြော်ငြာစာများကို ပြင်ဆင်ရေးဆွဲပြီး ထုတ်ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှုရှိစေဖို့အတွက် ထပ်မံပြင်ဆင်ရန်လိုအပ်တဲ့အချက်များကို ပြင်ဆင်နိုင်ဖို့အတွက် ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်အက်ဥပဒေနှင့် ရုံးခွန်အက်ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာ အခွန်ဥပဒေမူကြမ်းများကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ဆွေးနွေးအတည်ပြုပေးနိုင်ဖို့ တင်ပြထားပြီးဖြစ်ရာ လက်ရှိ ဆွေးနွေးလျက်ရှိပါတယ်။ တည်ဆဲအခွန်ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းခြင်းများအပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ အသစ်ပြဋ္ဌာန်းရန်လိုအပ်တဲ့ ၂၀၁၄ ခုနှစ်အတွက် အခွန်အကောက်ဆိုင်ရာဥပဒေမူကြမ်းကိုလည်း ယခုကျင်းပတဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့မှ ဒုတိယမေးခွန်းဖြစ်တဲ့ အခွန်ထမ်းသင့်သော ပြည်သူအားလုံး အခွန်ထမ်းဆောင်နိုင်ရေးအတွက် ပညာပေးရှင်းလင်းမှုများ ကျယ်ပြန့်စွာ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲကျင့်သုံးတဲ့ အခွန်စနစ်နှင့်စပ်လျဉ်းပြီး ပြည်သူလူထုအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့အတွက် အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲတွေကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှာ ၂၀၁၂ ခုနှစ်၊ မတ်လမှစပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ နှစ်စဉ်ဇူလိုင်လ ဒုတိယပတ်ကို အခွန်ပညာပေး ရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီးတော့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အခြေခံပညာအလယ်တန်းကျောင်း ၅၃၄ ကျောင်းမှာရှိတဲ့ ကျောင်းသားပေါင်း ၂၀၉၅၄၀ ကို အခွန်ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အခြေခံပညာအဆင့် အခွန်ဆိုင်ရာ စာစီစာကုံးပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးပြီး ဆုရရှိသူများကို နိုင်ငံပိုင်သတင်းစာများမှာ ကြေညာပေးခြင်းနှင့် ဆုချီးမြှင့်ပေးခြင်း၊ အခွန်ဆိုင်ရာဂျာနယ်ဖြစ်သော Revenue Journal ကို နှစ်ပတ်တစ်ကြိမ် ထုတ်ဝေခြင်း၊ အခွန်အခြေခံ ကာတွန်းစာအုပ်များ ထုတ်ဝေခြင်း၊ လက်ကမ်းစာစောင်များထုတ်ဝေခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီတို့ရဲ့ သင်တန်းများမှာဌာနမှ ကျွမ်းကျင်သူများက အခွန်ဘာသာရပ် သင်ခန်းစာပို့ချခြင်း၊ စီးပွားရေးနှင့်သက်ဆိုင်တဲ့ အစိုးရဌာနများမှ အခွန်ဥပဒေကပြဋ္ဌာန်းချက်များကို သင်ခန်းစာပို့ချမှုများအတွက် နည်းပြများစေလွှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိတဲ့အပြင် အခါအားလျော်စွာ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေ

17-2-2014(record)

**မူကြမ်း**

လျက်ရှိတဲ့ မြန်မာ့အလင်းနှင့် ကြေးမုံနေ့စဉ်သတင်းစာများမှာ ပြည်သူများသိသင့်သည်များကို ထည့်သွင်းကြေညာပေးလျက်ရှိပါတယ်။ ဒါ့အပြင် UMFCCI အသင်းရုံးခန်းမမှာ အသင်းဝင်လုပ်ငန်းရှင်များကို ပြောင်းလဲလျက်ရှိတဲ့ အခွန်စနစ်နှင့် လုပ်ထုံးလုပ်နည်းများကို အခါအားလျော်စွာ ရှင်းလင်းဆွေးနွေးပွဲများပြုလုပ်လျက်ရှိပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်အခွန်ဦးစီးရုံးများမှာလည်း လုပ်ငန်းတူရာလုပ်ငန်းရှင်များကို ဖိတ်ကြားပြီး အခွန်ရှင်းလင်းပွဲများပြုလုပ်လျက်ရှိပါတယ်။ မြို့နယ် အခွန်ဦးစီးမှူးရုံးများမှာလည်း ပြည်သူ့ဆက်ဆံရေးဌာနစိတ်များကို ဖွင့်လှစ်ထားရှိပြီးတော့မှ ပြည်သူလူထုမှသိရှိလိုတဲ့အချက်တွေကို နေ့စဉ်ဖြေကြားပေးလျက်ရှိပါတယ်။

ပြည်တွင်းပြည်ပမှာရှိတဲ့ ရင်းနှီးမြှုပ်နှံလိုသူများနှင့် အခွန်ကောက်ခံမှုစနစ် အခွန်ဥပဒေများနှင့် ပတ်သက်ပြီး သိလိုသည်များကို ပွင့်လင်းမြင်သာစွာ သိရှိလာဖို့အတွက် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများကိုလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှာ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ အဆိုပါရုံးများကို ဦးစီးဌာနရဲ့ တိုက်ရိုက်ကွပ်ကဲမှုအောက်မှာထားရှိပြီးတော့မှ အခွန်စနစ်ကို သိရှိလိုသူများကိုသာမက ဘဲနဲ့ အခွန်ဆိုင်ရာကိစ္စရပ်များကို ကျေလည်မှုမရှိသူများရဲ့ တိုင်ကြားချက်၊ သတင်းပေးချက်များကိုပါ လက်ခံပြီးဖြေရှင်းပေးခြင်း၊ တိုင်ကြားမှုများအပေါ်မှာ မည်သို့ဆောင်ရွက်ပြီးဖြစ်ကြောင်း တိုင်ကြားသူထံသို့ ပြန်ကြားပေးခြင်းများ ပြုလုပ်လျက်ရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ Internet Website ဖြစ်တဲ့ www.irdmyanmar.gov.mm မှာလည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် အမိန့်ကြော်ငြာစာများ အပါအဝင် အခွန်ထမ်းများသိရှိရန်လိုအပ်တဲ့ အချက်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါတယ်။ တတိယမေးခွန်းဖြစ်တဲ့ အခွန်ထမ်းပြည်သူများရဲ့ ထမ်းဆောင်တဲ့ အခွန်ငွေပမာဏကို ကိန်းဂဏန်းအပိုင်းအခြားဖြင့် နှစ်စဉ်ဖော်ပြပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီး ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှာ အခွန်အများဆုံးပေးဆောင်ခဲ့တဲ့ ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းကြီးများ ၁၀၀ စာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်မှာ အခွန်အများဆုံးပေးဆောင်ခဲ့တဲ့ ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းကြီးများ ၅၀၀ စာရင်းကို နိုင်ငံပိုင်သတင်းစာများမှာ ၁၄-၉-၂၀၁၃ ရက်နေ့ကတိုးမြှင့်ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးပေးဆောင်တဲ့ အခွန်ထမ်းများစာရင်းဖော်ပြတဲ့အချိန်မှာ အခွန်ငွေပမာဏကိုကိန်းဂဏန်းအပိုင်းအခြားနှင့် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ အခွန်ထမ်းစာရင်းကို ပြည့်စုံတိကျစွာဖော်ပြကြေညာခြင်းအားဖြင့် အခွန်တိမ်းရှောင်သူစာရင်း ထွက်ပေါ်လာမည်ဖြစ်ရာ ၎င်းတို့ကို ပညာပေးအရေးယူမှုပြုလုပ်နိုင်မည့်အခြေအနေရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ မြန်မာတစ်နိုင်ငံလုံးမှာ ဝင်ငွေခွန် အခွန်ထမ်း ၄၆၂၈၀၄ ဦးနှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်း ၂၀၉၁၃၆ ဦး ရှိတဲ့အနက် အခွန်အများဆုံးပေးဆောင်တဲ့လုပ်ငန်းရှင် ၅၀၀ ဦးဆီကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ လုပ်ငန်းရှင်များမှ ကြိုတင်ခွန်ပေးဆောင်ခဲ့ခြင်း၊ ဝင်ငွေခွန်ကြေညာလွှာ အချိန်မီတင်သွင်းခဲ့ခြင်း၊ နောက်ဆုံးစည်းကြပ်နှစ်အထိ စည်းကြပ်မှုပြီးစီးခဲ့ခြင်းနှင့် နှစ်အဆက်ဆက် အခွန်ကြွေးကျန်မရှိသူများကိုသာ အခွန်အများဆုံးပေးဆောင်သူများစာရင်းမှာ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်သော်လည်း အထက်ပါအချက် လေးချက်နှင့် မကိုက်ညီပါက ၎င်းစာရင်းတွင်ပါဝင်နိုင်ခြင်းမရှိပါ။ နောင်နှစ်များမှာ မြို့နယ်တစ်ခုချင်းအလိုက် အခွန်ထမ်းစာရင်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ကြေညာသွားနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အခွန်လွတ်ကင်းမှု၊ အခွန်တိမ်းရှောင်မှုများမရှိစေဖို့အတွက်လည်း ရပ်ကွက်အလိုက်၊ လမ်းအလိုက် စီးပွားရေးလုပ်ငန်းများစာရင်းကိုကောက်ယူပြီးတော့မှ အခွန်ထမ်းမှတ်ပုံတင်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးလျက်ရှိပါတယ်။ အခွန်ပေးဆောင်ထိုက်တဲ့ ဝင်ငွေရှိတဲ့လုပ်ငန်းရှင်များကို ရှာဖွေဖော်ထုတ်ပြီးတော့ လုပ်ငန်းလုပ်ကိုင်ခဲ့တဲ့ နှစ်များအတွင်းရရှိခဲ့တဲ့ ဝင်ငွေများအပေါ်မှာ ပြန်လည်စည်းကြပ်မှုများ ပြုလုပ်သွားမှာဖြစ်တဲ့အပြင် တည်ဆဲဥပဒေများနှင့်အညီ ဒဏ်ရိုက်ခြင်းနှင့် လိုအပ်ပါက ရာဇဝတ်ကြောင်းအရပါ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပဉ္စမမေးခွန်းဖြစ်တဲ့ နှစ်စဉ်အခွန်အရပ်ရပ်ကောက်ခံရရှိမှုပမာဏနှင့် လုပ်ငန်းပမာဏအလိုက်ဖော်ဆောင်မည့်စီမံကိန်းများကို ပြည်သူလူထုသို့ ကြိုတင်အသိပေးကြေညာမှု ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ အခွန်ထမ်းပြည်သူများကို ဖြန့်ဝေပေးတဲ့ ပြည်တွင်းအခွန်များဦးစီးဌာန၏ နှစ်ပတ်လည်သဝဏ်လွှာနှင့် လက်ကမ်းစာစောင်များမှာ နှစ်စဉ်အခွန်အရပ်ရပ်ကောက်ခံရရှိမှုများကို ကိန်းဂဏန်းများ၊ ဂရပ်ပုံများနှင့် အသိပေးကြေညာလျက်ရှိပြီးတော့ ပိုမိုပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် နောင်နှစ်များမှာ မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ပါတယ်။ နှစ်စဉ်အခွန်အရပ်ရပ် ကောက်ခံရရှိမှုနှင့် ဆက်စပ်တဲ့ လုပ်ငန်းကဏ္ဍအလိုက် ဖော်ဆောင်မည့်စီမံကိန်းများကိုတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနဲ့ နှစ်စဉ်စီမံကိန်းဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းလျက်

ရှိပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ ကျပ် ၃၃၇၄.၈ ဘီလီယံဖြစ်ပြီးတော့မှ Tax to GDP Ratio မှာ ၆.၅၉ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် မူလလျာထားချက်အရ အခွန်အရပ်ရပ် ကောက်ခံရရှိမှုဟာ ကျပ် ၃၅၈၇.၉ ဘီလီယံဖြစ်ပြီးတော့ Tax to GDP Ratio ဟာ ၆.၀၆ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် မူလလျာထားချက်အရ အခွန်အရပ်ရပ်ကောက်ခံရရှိမှု ကျပ် ၄၈၉၀.၅ ဘီလီယံနှင့် Tax to GDP Ratio ဟာ ၇.၃၉ ရာခိုင်နှုန်းဖြစ်ပြီးတော့ အဆိုပါ လျာထားချက်ကိုပြည့်မီကျော်လွန်အောင် ကြိုးစားကောက်ခံသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် အမှန်တကယ်လိုအပ်၍ သုံးစွဲကုန်ကျနေသော ရုံးအသုံးကုန်ကျငွေများကို တိုးမြှင့်ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ ပေါက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဖိတ်ကြား

ထားသောဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရရုံးဌာနအသီးသီးရှိ နိုင်ငံ့ဝန်ထမ်းများကိုယ်စား အစိုးရရုံးဌာနများ၏ ရုံးအသုံးကုန်ကျစရိတ်များ တိုးမြှင့်ချထားခွင့်ပြုပေးနိုင်ရေးကိစ္စကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေ၏နည်းဥပဒေများကိုလည်း ထိုနှစ်ထဲတွင်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းဥပဒေနှင့်နည်းဥပဒေများထဲတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးများ၏ ရုံးအသုံးကုန်ကျစရိတ်များကို တင်ပြတောင်းခံရယူခွင့်ပြုထား၍ ၂၀၁၃ ခုနှစ်မှစတင်ကာ အဆိုပါရုံးများ၏ရုံးအသုံးကုန်ကျစရိတ်များအဖြစ် လစဉ် ငွေကျပ် ၅၀၀၀၀ ရရှိ၍ တစ်နှစ် ၆၀၀၀၀၀ ရရှိကာ ရုံးအသုံးစရိတ်များကို ပြည့်ပြည့်စုံစုံလုံလုံလောက်လောက် ရရှိသုံးစွဲလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ အထက်ပါကဲ့သို့ တစ်ရပ်၊ တစ်ရွာ၊ တစ်အုပ်စုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နေရတဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးများရဲ့ရုံးအသုံးကုန်ကျစရိတ်များကို ပြည့်စုံလုံလောက်စွာရရှိချထားပေးပြီးဖြစ်သော်လည်း မြို့နယ်အတွင်းရှိ တစ်မြို့နယ်လုံးကိစ္စအပါအဝင် သက်ဆိုင်ရာ ခရိုင်/တိုင်းကိစ္စများကိုပါ ဆောင်ရွက်နေရတဲ့ရုံးဌာနအများစုတို့မှာ ရုံးအသုံးကုန်ကျစရိတ်အဖြစ် တစ်နှစ်ငွေကျပ် ၃၀၀၀၀ မှ ကျပ် ၁၀၀၀၀၀ အထိသာ ရရှိကြရသည့်အပြင် အခြားဌာနများနှင့်ပေါင်းစပ်လုပ်ကိုင်ရသည့် အစည်းအဝေးစရိတ်များအပါအဝင် အခြား ကုန်ကျစရိတ်များစွာရှိနေကြရမှုများကြောင့် လက်ရှိခွင့်ပြုချထားပေးသည့် ရုံးအသုံးကုန်ကျစရိတ်တို့မှာ လုံလောက်မှုမရှိပဲ မိမိတို့၏တရားဝင်ခံစားခွင့်ရရှိထားသော လစာငွေများထဲမှ လစဉ်နှစ်စဉ် စိုက်ထုတ်သုံးစွဲနေကြရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ နိုင်ငံတော်အစိုးရမှ နိုင်ငံ့ဝန်ထမ်းများအား မကြာခဏလစာနှုန်းထားများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့မှုတို့အပါအဝင် ယခုဘဏ္ဍာနှစ်တွင်လည်း ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးဦးမည်ဟူသော မင်္ဂလာသတင်းများကြားသိရတဲ့အတွက် နိုင်ငံ့ဝန်ထမ်းများမှ ပြည်ထောင်စုအစိုးရအဖွဲ့အပေါ် များစွာကျေးဇူးတင်ဝမ်းမြောက်လျက် ရှိကြပါတယ်။ သို့သော်လည်း အမှန်တကယ်လိုအပ်၍ စိုက်ထုတ်သုံးစွဲနေကြရတဲ့ ရုံးဌာနအသီးသီးတို့ရဲ့ ရုံးအသုံးကုန်ကျစရိတ်များကို တိုးမြှင့်ချထားဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မိမိတို့အတွက် တိုးမြှင့်ခံစားခွင့်ပေးထားသည့်လစာငွေများထဲမှ ရုံးအသုံးကုန်ကျစရိတ်များကို စိုက်ထုတ်ထည့်ဝင် သုံးစွဲနေကြ

ရမည်ဖြစ်သောကြောင့် နိုင်ငံ့ဝန်ထမ်းများမှာ ပေးကားပေး၍ မရဆိုသလို ဖြစ်နေသည်ဟုယူဆမိမည်ကို စိုးရိမ်မိပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် အမှန်တကယ်လိုအပ်၍ သုံးစွဲကုန်ကျနေကြရတဲ့ ရုံးအသုံးကုန်ကျစရိတ်များကို တိုးမြှင့်ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန် တွင်စတင်ဆောင်ရွက်မည်ကိုသိလိုကြောင်းနှင့် မရှိပါက အဘယ်ကြောင့်ဖြစ်သည်ကို သိလို၍ ဖြေကြားပေးနိုင်ပါရန် နိုင်ငံ့ဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညိုမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှစပြီးတော့ နိုင်ငံတော်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုရဲ့ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရသုံးခန့်မှန်းခြေငွေစာရင်းများအဖြစ် ခွဲခြားရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပြီးတော့ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများမှ သုံးစွဲရန် လိုအပ်တဲ့ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တွေကို သက်ဆိုင်ရာ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းများမှာ လျာထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

နှစ်စဉ်တင်ပြတောင်းခံလျက်ရှိတဲ့ ဌာနအဖွဲ့အစည်းများရဲ့ သာမန်အသုံးစရိတ်မှာပါဝင်တဲ့ အသုံးစရိတ်များဟာ ဝန်ထမ်းများအတွက်ကုန်ကျတဲ့လစာစရိတ်၊ ခရီးသွားလာစရိတ်၊ ရုံးအတွက် ကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် ကျွေးမွေးစရိတ်များဖြစ်ပါတယ်။ ဌာနအဖွဲ့အစည်းများမှ ၎င်းတို့ရုံးအတွက်လိုအပ်တဲ့ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်ဘတ်ဂျက်များ ရေးဆွဲတင်ပြရာမှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီးရှိ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများမှ လက်အောက်ခံ

ခရိုင်နှင့်မြို့နယ်များအတွက် သုံးစွဲရန်လိုအပ်မည့်အသုံးစရိတ်စာရင်းများကို လျာထားရေးဆွဲပြီး ၎င်းတို့ရဲ့ရုံးချုပ်များကို တင်ပြကြရပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ရုံးချုပ်များမှတင်ပြတဲ့ သာမန်၊ ငွေလုံးနှင့်ကြွေးမြီအသုံးစရိတ်စာရင်းများကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကိုပေးပို့ ကြရပါတယ်။ တင်ပြတောင်းခံတဲ့ သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီအသုံးစရိတ်များကိုလည်း အဆင့်ဆင့်စိစစ်မှုများပြုလုပ်ပြီး ဘဏ္ဍာရေးကော်မရှင်ထောက်ခံချက်နှင့် ပြည်ထောင်စုလွှတ်တော်ကိုပေးပို့တင်ပြပြီး ပြည်ထောင်စုလွှတ်တော်ကအတည်ပြုပြီးမှသာ ဥပဒေနှင့်အညီငွေကြေးသုံးစွဲမှုများကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့လည်း ရုံးအသုံးစရိတ်များအပါအဝင် သာမန်အသုံးစရိတ်များကို စိစစ်ခွင့်ပြုရာမှာ ခေတ်နှင့်လျော်ညီတဲ့အသုံးစရိတ်များဖြစ်စေဖို့ ဌာနအဖွဲ့အစည်းများမှ နှစ်စဉ်သာမန်အသုံးစရိတ်များ တင်ပြတောင်းခံလာစဉ်က တိုးမြှင့်တောင်းခံမှုများကို လိုအပ်သလိုစိစစ်ပြီး ယခင်နှစ်တောင်းခံမှုထက် နှစ်စဉ်ပျမ်းမျှအားဖြင့် ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခွင့်ပြုပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေနဲ့လည်း ၎င်းတို့ဆောင်ရွက်ရတဲ့ ရုံးလုပ်ငန်းပမာဏနှင့် ဒေသအလိုက်ဖြစ်ပေါ်နေတဲ့လုပ်ခ၊ လျှပ်စစ်ဓာတ်အားခ၊ သယ်ယူပို့ဆောင်ခ ကဲ့သို့သော ထူးခြားစွာပေးချေရတဲ့နှုန်းထားများ၊ ရုံးအသုံးအဆောင်ပစ္စည်းများရဲ့ဈေးနှုန်းများကို ဘတ်ဂျက်လျာထားစဉ်အချိန်ကပဲ ညှိနှိုင်းတွက်ချက်ပြီးတော့မှ လျာထားတင်ပြရန်လိုအပ်ပြီးတော့ စိစစ်ခွင့်ပြုပေးရမယ့် ဌာနအဖွဲ့အစည်းများရဲ့ရုံးချုပ်များမှလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်ခွင့်ပြုပေးရန် လိုအပ်ပါတယ်။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှာလည်း ရုံးချုပ်များမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့်တွေကိုအဆင့်ဆင့်ခွဲဝေသုံးစွဲဖို့လည်း လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဝန်ထမ်းများခံစားခွင့်ရှိတဲ့လစာနှုန်းထားများ၊ စရိတ်များကို နိုင်ငံတော်ရဲ့ဘဏ္ဍာငွေအခြေအနေပေးသည်နှင့်အမျှ တိုးမြှင့်ပေးလျက်ရှိပြီးတော့ ဌာနအဖွဲ့အစည်းများရဲ့ ရုံးအသုံးစရိတ်များအပါအဝင် သာမန်အသုံးစရိတ်များကိုလည်း ခေတ်ကာလနှင့်အညီ ဆီလျော်စေရန် နှစ်စဉ်တိုးမြှင့် ခွင့်ပြုပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီးဖြေကြားသွားတဲ့အပေါ် ကျွန်တော့်အနေနဲ့ပြန်လည်မေးမြန်းလိုပါတယ်။ ဒုတိယဝန်ကြီးမှ နှစ်စဉ်တိုးပေးနေတယ်လို့ပြောတဲ့အတွက် နှစ်စဉ်တိုးပေးသော်လည်း အခုတိုး

ပေးတဲ့နှုန်းဟာ လွန်စွာကွာဟမှုများရှိနေတာကို ဥပမာအားဖြင့် ကျွန်တော်တို့ သယ်ယူပို့ဆောင်ခဖြစ်တဲ့ အို 3, အို 4 ဆိုရင် ကျွန်တော်တို့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးတွေကိုပေးတာ လစဥ် ၂၀၀၀၀ လို့သိရပါတယ်။ ကျွန်တော်တို့မြို့နယ်ဌာနဆိုင်ရာတွေဖြစ်တဲ့ ဥပဒေရုံးတို့လို၊ တိ/မွေးကုရုံးတို့လိုရုံးတွေကိုပေးမယ်ဆိုရင် ပေးတာက တစ်နှစ်လုံးမှ ၁၅၀၀၀၊ ၂၀၀၀၀ ပဲဖြစ်နေတဲ့အတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေရဲ့ တစ်လစာရုံးသုံးစရိတ်နှင့် များစွာကွာဟနေတဲ့အတွက် ဒီလိုကွာဟမှုများအပေါ် မည်သို့ဆောင်ရွက်ပေးမည်ကိုသိလို၍ ဖြေကြားပေးနိုင်ပါရန် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီးထပ်ဆင့်မေးမြန်းမှုနှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားပေးပါမယ်။ ခုနကပြောတဲ့ သယ်ယူပို့ဆောင်ခပေါ့လေ။ ဒါဥပမာပေးတဲ့ နှစ်စဥ်တိုးပေးတဲ့နှုန်း အို 3, အို 4 ၂၀၀၀၀၊ ဥပဒေရုံး၊ တိ/မွေးကု တစ်နှစ်လုံးစာကို ၁၀၀၀၀ လောက်ပဲပေးတယ်ဆိုတဲ့နေရာမှာ ခုနကကျွန်တော်တင်ပြသွားတဲ့ထဲလည်း ပါပါတယ်ခင်ဗျာ။ သက်ဆိုင်ရာဌာနများအနေနဲ့ပေါ့လေ ဒီနှုန်းထားတွေကို ဒေသန္တရနှုန်းထားနဲ့ ကျွန်တော်တို့က နှစ်စဥ်လည်းခွင့်ပြုပေးနေတာရှိပါတယ်။ သယ်ယူပို့ဆောင်ခတွေဆိုရင်လည်း ဒေသန္တရနှုန်းထားနဲ့တင်ပြီးတော့ လျှာထားပြီးတော့မှ တကယ်လည်း ခရီးသွားတဲ့ကိစ္စတွေဆိုရင် ပေးနေတာရှိတဲ့အတွက် သက်ဆိုင်ရာဌာနများအနေနဲ့ ခုနကပြောသလိုပေါ့။ အဆင့်ဆင့်တင်ပြပြီးတော့မှ သူတို့ရုံးချုပ်တွေကလည်း ဘဏ္ဍာရေးစည်းမျဥ်းစည်းကမ်းနှင့်အညီ စိစစ်ပြီးတော့ ကျွန်တော်တို့ ရသုံးမှန်းခြေကိုတင်ပြလာတယ်ဆိုရင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း ခွင့်မပြုပေးတာမရှိပါဘူး။ ဥပမာတင်ပြရရင်တော့ နှစ်စဥ်ဘတ်ဂျက်မှာ လွှတ်တော်လည်းသိပါတယ်ခင်ဗျာ။ ရငွေတွေတိုးတက်လာသလိုပဲ နှစ်စဥ်အသုံးစရိတ်တွေလည်း တိုးတက်နေတာ နှစ်တိုင်းလွှတ်တော်မှာလည်း ဆွေးနွေးကြတဲ့အတွက်သိပြီးဖြစ်မှာပါ။ ကျွန်တော်တို့ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ခုနကပြောသလို ဌာနများရဲ့တင်ပြလာမှုအပေါ်မှာ ဘဏ္ဍာရေးစည်းမျဥ်းစည်းကမ်းနှင့်မညီတဲ့ကိစ္စတွေကလွဲလို့ ကျန်တဲ့ဖြစ်သင့်ဖြစ်ထိုက်တဲ့နှုန်းထားတွေ၊ အခြေအနေတွေကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ထပ်ဆင့်ပြီးတော့ ကျွန်တော့်အနေနဲ့ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခု ဦးခင်မောင်ညိုမေးတဲ့မေးခွန်းနှင့် အဓိပ္ပာယ်ချင်းတူညီပြီးတော့ ကျယ်ပြန့်တဲ့မေးခွန်းတစ်ခုကို မနှစ်ကလွှတ်တော်ကာလ ဘယ်ကာလဆိုတာမသိပေမယ့်လို့ ကြံခင်းမဲဆန္ဒနယ်က ဒေါက်တာတင်မောင်ကြိုင်မေးခဲ့တာရှိပါတယ်။ သူ့ရဲ့လိုရင်းကတော့ ဒီကနေ့နိုင်ငံ့ဝန်ထမ်းတွေ ဥပမာပြုတာကတော့ ရဲတပ်ဖွဲ့ကိုဥပမာပြုပြီးတော့ အပြစ်သာတင်နေတယ်။ သို့ရာတွင် ခရိုင်ရဲတပ်ဖွဲ့တွေ

ဆောင်ရွက်တဲ့နေရာမှာ အထွေထွေစရိတ်တွေမလုံလောက်တဲ့အတွက် သူတို့တွေဟာမလုပ်သင့်မှန်း သိပေမယ့် တချို့ကိစ္စတွေလုပ်နေရတယ်။ ဒါကြောင့်မို့လို့ ခြုံပြောမယ်ဆိုရင်တော့ ဝန်ထမ်းတွေဟာ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာနှင့်အညီနေနိုင်ဖို့အတွက် ရုံးသုံးစရိတ်အပါအဝင် လုပ်ငန်းသုံးစရိတ်တွေကို မျှမျှတတ လုံလုံလောက်လောက်ထုတ်ပေးဖို့ဆိုတဲ့အနေအထားနဲ့ မနှစ်ကဒီလိုဆွေးနွေးသွားတာရှိပါ တယ်။ အခုလည်း ပေါက်မဲဆန္ဒနယ်က ဦးခင်မောင်ညိုက တိတိကျကျဒီလိုမေးလိုက်ပါတယ်။ မေးတဲ့ အခါမှာ ဝန်ကြီးဖြေတာလည်း မိမိနားလည်သလို ကျွန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေလည်း နားလည်ကြမှာပါ။ အဲ့ဒီမှာတစ်ခု ဘာပါလဲဆိုတဲ့အခါမှာ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းတွေ အဆင့် ဆင့်တင်ပြလာတဲ့ကိစ္စကို ဘဏ္ဍာရေးကော်မရှင်ကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကိုတင်တယ်။ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးရတယ်ဆိုတော့လည်း ပြည်ထောင်စုလွှတ်တော်မှာ တာဝန်ရှိကြ တဲ့ပုဂ္ဂိုလ်များအနေနဲ့ ဘယ်ဌာန၊ ဘယ်အဖွဲ့အစည်းက မြို့နယ်အဆင့်ဆိုရင် ရုံးအသုံးစရိတ်က ဘယ် လောက်၊ ဌာနတစ်ခုနှင့်တစ်ခု တူချင်မှတူမှာ။ ဥပမာ -အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အဆင့် ရဲတပ်ဖွဲ့မြို့နယ်အဆင့်၊ ခုနကပြောတဲ့ဥပဒေမြို့နယ်အဆင့် စသည့်စသည့် ဒီလိုပဲ သက်ဆိုင်ရာ ပြည်ထောင်စုလွှတ်တော်မှာ တာဝန်ယူထားကြတဲ့ ငွေရေးကြေးရေးပေါ့လေ။ ပြောမယ်ဆို ပြည်သူ့ငွေ စာရင်းကော်မတီအနေနဲ့ရော သိသလား။ သို့ရာတွင် အခုကျတဲ့အခါကျတော့ ပြည်ထောင်စု လွှတ်တော်က ခွင့်ပြုပေးတဲ့အတိုင်းပဲ ဆောင်ရွက်ရပါတယ်ဆိုတဲ့ဟာက ဒီလိုရှိလာတဲ့အတွက် ပြည်ထောင်စု လွှတ်တော်မှာစိစစ်ဖို့ တာဝန်တစ်ခုပိုတယ်ဆိုတဲ့သဘောမျိုး သက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ရပ်/ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ အဆင့်ဆင့်သောဌာနများအတွက် လစဉ်အသုံးစရိတ်က ဘယ်လောက်လဲ ဆိုတာကိုတော့ သိထားမှဖြစ်မယ်။ အဲ့ဒီအတိုင်းပဲ အဲ့ဒီလိုသိပြီးတဲ့အခါမှာ ဒါတွေခွင့်ပြုပေးလိုက်ပြီ ဆိုလို့ရှိရင် ခုနက မလိုလားအပ်တဲ့ အခြားပြဿနာတွေမရှိနိုင်တော့ဘူး။ ဥပမာ- ဒီနေ့ပြောနေတဲ့ Clean Government, Good Governance ဆိုတာက လုံလောက်တဲ့အသုံးစရိတ်၊ မျှတတဲ့ အသုံးစရိတ်မရပဲနဲ့ ဆောင်ရွက်နေမယ်ဆိုရင် Clean ဆိုတာက စာထဲမှာပဲဖြစ်သွားလိမ့်မယ်။ Good ဆိုတာလည်း စာထဲမှာပဲဖြစ်သွားလိမ့်မယ်။ အဲ့ဒီလို မှန်မှန်ကန်ကန်မျှမျှတတထုတ်ပေးတဲ့ဟာ ငွေတစ်ခု တော့ကုန်သွားမယ်။ သို့ရာတွင် တိုင်းပြည်အတွက်၊ ပြည်သူအတွက် အများကြီးတန်ဖိုးရှိသွားနိုင်တဲ့ကိစ္စ ဖြစ်တဲ့အတွက် အခု ဒုတိယဝန်ကြီး၊ ဒေါက်တာလင်းအောင်တင်ပြသလိုပဲ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနေတယ်ဆိုတဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော်ကကော မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်း

အဆင့်၊ ဌာနဆိုင်ရာအသီးသီးရဲ့ အသုံးစရိတ်တွေကိုသိပါသလား။ မသိဘူးဆိုလို့ရှိရင်လည်း ကျွန်တော်တို့ပြည်ထောင်စုလွှတ်တော်က သိအောင်လုပ်ပြီးတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တွေကိုလည်း ဒီလိုတင်ပြဆောင်ရွက်သင့်တယ်။ အဲ့ဒီအခါကျလို့ရှိရင်လည်း ဒီအသုံးစရိတ်တွေကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းကရရှိသွားပြီဆိုလို့ရှိရင်လည်း အခြားမဖွယ်မရာ၊ မမှန်မကန်လုပ်တယ်ဆိုရင် သူ့မှာတာဝန်ရှိသွားပြီ။ အခုကျတဲ့အခါကျတော့ မရဘူး။ ဒါကြောင့်မို့လို့ အဆင်ပြေအောင်လုပ်တယ်။ အဆင်ပြေအောင်လုပ်တယ်ဆိုတဲ့နေရာမှာ အဲ့ဒီတဒင်္ဂမှာအဆင်ပြေတယ်ဆိုပေမယ့် နောက်ပိုင်းကျတဲ့အခါကျ ပြဿနာကြီးငယ်များ များစွာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် ဒီကိစ္စတွေဟာလည်း ဥပဒေကြောင်းအရပြောမယ်ဆို **bribery Correlation** တွေလည်း တစ်နည်းမဟုတ်တစ်နည်းသွားငြိနိုင်တဲ့ အနေအထားဖြစ်တဲ့အတွက် ဒီကိစ္စကို ကျွန်တော်တို့အလေးထားဆောင်ရွက်မှသာ ကျွန်တော်တို့ဝန်ထမ်းတွေ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာနဲ့ဆောင်ရွက်နိုင်ပြီး ဒီနေ့လိုချင်တဲ့ Clean Government, Good Governance ကို ရာနှုန်းပြည့်မရတောင် တဖြည်းဖြည်း တဖြည်းဖြည်းရရှိသွားမှာဖြစ်တဲ့အတွက် ဒါကြောင့်မို့လို့ ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးတဲ့အခါမှာ လာမယ့်နှစ်အတွက် ဘယ်မြို့နယ်၊ ဘယ်ဌာနအတွက် ဘယ်လောက်၊ မြို့နယ်တစ်ခုလို့ပြောပေမယ့် မြို့နယ်မှာရှိတဲ့ဦးစီးဌာနအားလုံး အကျုံးဝင်သွားပါလိမ့်မယ်။ ဘယ်မြို့နယ်ဘယ်လောက်၊ ဘယ်ခရိုင်ဘယ်လောက် သိပ်ခဲရာခဲဆစ်လုပ်စရာမရှိပါဘူး။ အဲ့ဒီလိုပြောထားလိုက်တဲ့အခါမှာ ခုနက ဦးခင်မောင်ညိုပြောသလို ရပ်/ကျေးအဆင့်မှာတော့ ဒီလောက်ပေးထားတယ်။ မြို့နယ်အဆင့်မှာမှ တစ်နှစ်လုံး ၂၀၀၀၀ ဆိုတဲ့ဟာသည် မမျှတဘူးဆိုရင် မျှတအောင်လုပ်ပေးဖို့ ပြည်သူ့ကိုယ်စားလှယ်တွေမှာ တာဝန်ရှိပါတယ်။ တင်တဲ့အခါမှာလည်း ခုနက သက်ဆိုင်ရာကနေ ဒီလိုပဲတင်ရမယ့် အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းဟာ အင်မတန်မှအရေးကြီးပါတယ်။ တန်ကြေးရှိပါတယ်။ အရေးကြီးတန်ဖိုးရှိမှုကို ကျွန်တော် ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးပါ။ သက်ဆိုင်ရာကော်မတီများကလည်း တာဝန်ပေးပါလို့ ကျွန်တော်လွှတ်တော်ကိုတင်ပြပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအာမခံစနစ်ကို ပြည်သူလူထုအတွက် အကောင်အထည် ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်က ဒေါက်တာနေလင်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပြန်လည် လေ့လာတင်ပြရမယ်ဆိုလို့ရှိရင် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်နေတဲ့ ကျန်းမာရေးစနစ်၊ ပုဂ္ဂလိက တာဝန်ယူဆောင်ရွက်နေတဲ့ ကျန်းမာရေးစနစ်ဆိုပြီးတော့ အကြမ်းဖျဉ်း ကျွန်တော်တို့ နှစ်ပိုင်းခွဲခြားတွေ့ ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းအနေနဲ့ အထူးသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အနောက် တိုင်းဆေးဝါးများနဲ့ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းတွေ၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေ၊ ရောဂါကုသရေးလုပ်ငန်းများနဲ့ ပြန်လည်သန်စွမ်းရေးလုပ်ငန်းများကို ကျွန်တော်တို့ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်၊ စရိတ်မျှပေးကျန်းမာရေးစောင့်ရှောက်မှုစနစ်များဖြင့် ဆောင်ရွက်ပေးနေသလိုပဲ တိုင်းရင်းဆေးဝါးများဖြင့်လည်း ကျွန်တော်တို့တိုင်းရင်းဆေးရုံတွေ၊ ဆေးပေးခန်းများဖွင့်လှစ်ပြီးတော့ ဒါ ပြည်သူထုထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာ အားလုံးအသိဖြစ်ပါတယ်။ ပုဂ္ဂလိကကျန်းမာ ရေးကဏ္ဍမှာလည်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးများမှာ အထူးကုဆေးရုံကြီးများ၊ ဆေးခန်း များ၊ ကိုယ်ပိုင်ဆေးခန်းများဖြင့် ကျွန်တော်တို့ ငွေကြေးရယူပြီးဆောင်ရွက်နေမှုအပေါ် ပြည်သူလူထု အနေနဲ့ မိမိရဲ့ငွေကြေးအတိုင်းအတာအရ ဒီဆေးရုံ၊ ဆေးခန်းတွေကို ဒါ မှီခိုအားထားနေကြရတာဖြစ်ပါ တယ်။ ထို့အတူ ကျွန်တော်တို့ ပြည်တွင်းမှာရှိတဲ့ ပြည်တွင်း/ပြည်ပလူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့အစည်းများကလည်း ငွေကြေးရယူခြင်းမရှိဘဲနဲ့ စေတနာ၊ မေတ္တာအရ လက်ရှိ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူလူထုကို ပေးနေတာဖြစ်ပါတယ်။ ဒီတော့ အဲ့ဒီလို နိုင်ငံတော်အပိုင်းရော၊ ပုဂ္ဂလိကအပိုင်းရော တာဝန်ယူစောင့်ရှောက်နေတဲ့ ဒီစနစ်နှစ်မျိုးဟာ နှစ်ပေါင်း များစွာ အစိုးရအဆက်ဆက် ကျွန်တော်တို့ဆောင်ရွက်နေပြီးတော့ ကျွန်တော်တို့ရဲ့အခြေခံ လူတန်းစား အပါအဝင် ပြည်သူလူထုကို အမှန်တကယ်အကျိုးသက်ရောက်မှုရှိ/မရှိဆိုတာ လေ့လာသုံးသပ်ရန် လိုမည်ဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းအနေနဲ့ ကျန်းမာရေးအသုံးစရိတ်တွေကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေ နှစ်စဉ်တိုးမြှင့်သုံးစွဲပေးနေသလိုပဲ နိုင်ငံတကာအဖွဲ့အစည်းများက

လည်း အထောက်အပံ့တွေနဲ့ ကျန်းမာရေးဝန်ကြီးဌာန ကျွန်တော်တို့ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုမှာ ဒါ အထောက်အပံ့တွေရယူဆောင်ရွက်နေတဲ့အပိုင်းဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူလူထုရဲ့အမြင်မှာ ကျန်းမာရေးကဏ္ဍဟာ ထူးခြားပြောင်းလဲတဲ့ ကျန်းမာရေးစောင့်ရှောက်မှုမရရှိသေးဘူး။ ဆေးရုံ၊ ဆေးပေးခန်းတွေ အထူးသဖြင့် ကျေးလက်ဒေသနှင့် ဝေးလံဒေသတွေမှာ ကျန်းမာရေးဝန်ဆောင်မှုမကောင်းဘူးဆိုပြီးတော့ ပြောနေဆိုနေကြဆဲပဲဖြစ်ပါတယ်။ ပြည်သူလူထုကတော့ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ဟာ နိုင်ငံတော်ရဲ့တာဝန်၊ အစိုးရရဲ့တာဝန်ပဲလို့ မှတ်ယူပြီးတော့ အခမဲ့၊ အလကားကုသဖို့ကိုပဲ စဉ်းစားပြီးတော့ ဒီ Concept ကိုပဲခံယူနေပြီး နိုင်ငံတော်ကိုပဲ မှီခိုပြီးတော့ မိမိအိတ်ကပ်ထဲကငွေကို ဒါအများအားဖြင့် အကုန်အကျမခံချင်ကြတာ အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့် Reform လို့ခေါ်တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ နိုင်ငံတော်အပိုင်းအနေနဲ့လည်း ဝန်ထုပ်ဝန်ပိုးလျော့ချစေဖို့၊ ပြည်သူလူထုအပိုင်းမှာလည်း မိမိကျန်းမာရေးကို အလေးအနက်ထားပြီးတော့ ဂရုပြုဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေရရှိဖို့ ကျန်းမာရေးအာမခံစနစ်တစ်ရပ်ပေါ်ပေါက်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ နိုင်ငံတကာမှာ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံတွေအပါအဝင် အာဖရိကနိုင်ငံတွေမှာ ကျွန်တော်တို့ကျန်းမာရေးအာမခံ Health Insurance System Development ဟာ Community Based Final Development အနေနဲ့ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးအာမခံစနစ်စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကနေ မေးမြန်းခဲ့တဲ့အပေါ်မှာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနေ ဝန်ကြီးဌာနများနဲ့ ပူးပေါင်းစိစစ်စီစဉ်ဆောင်ရွက်ရန် ကျွန်တော်တို့ Multi Ministerial Corporation Coordination Program အစီအစဉ်ရှိပါတယ်လို့ ကျွန်တော်တို့ ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ကျွန်တော်တို့လွှတ်တော်ကလည်း သက်တမ်းသုံးနှစ်ရှိနေပြီ။ အစိုးရသက်တမ်းကလည်း သုံးနှစ်ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများမျှော်လင့်နေတဲ့ ကျန်းမာရေးအာမခံစနစ်ကြီးကို ပြည်သူလူထုအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် လက်ရှိဆောင်ရွက်နေတဲ့အခြေအနေများကိုလည်း ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည်စုံပါစေကြောင်း နှုတ်ခွန်းဆက်သရင်းဂါရဝပြုလိုက်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျန်းမာရေးဝန်ကြီးဌာနရဲ့ကိုယ်စားမိမိမှ ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း၏ မေးခွန်းအား ရှေ့ဦးစွာ ပြန်လည်ဖြေကြားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေးအတွက် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်နိုင်ရေး၊ ရောဂါဘယကာကွယ်နှိမ်နှင်းရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဓိကကုန်ကျစရိတ်ကို အစိုးရ၊ ပြည်သူလူထုပါဝင်မှုနှင့် ပြည်ပအကူအညီတို့မှရရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအသုံးစရိတ်များဖြစ်သော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိရာ ၂၀၁၁-၂၀၁၂ တွင် ကျပ် ၉၃.၁၉၅ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျပ် ၃၆၈.၆၆၁ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကျပ်၅၂၈.၅၇၁ ဘီလီယံအထိ တိုးတက်သုံးစွဲခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျပ်ငွေ ၆၅၂.၇၄၄ ဘီလီယံ သုံးစွဲရန်လျာထားတင်ပြထားပါတယ်။ ကျန်းမာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက်ရှိသောကြောင့် နိုင်ငံတစ်ဝန်းရှိပြည်သူများသည် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှ လက်လှမ်းမီရရှိနိုင်ရေးအတွက်ဆေးရုံများတွင် အရေးပေါ်ကုသရေးဌာနများ၊ မွေးမိခင်စောင့်ရှောက်မှုနှင့် ကလေးမွေးဖွားမှုများ၊ ငါးနှစ်အောက်ကလေးများကို ကုသပေးမှုများနှင့် အချို့သော အထူးရောဂါကုသမှုလုပ်ငန်းများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနများ၏ အစီအစဉ်ဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများအတွက် လိုအပ်သော ဆေးဝါးများကိုလည်းကောင်း၊ ခုတင် ၂၀၀ နှင့်အထက်ဆေးရုံများ၊ အထူးကုဆေးရုံများတွင် မိမိတို့၏ဆေးရုံတွင် လိုအပ်သောဆေးဝါးများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ကြီးကြပ်မှုဖြင့် ဝယ်ယူလျက်ရှိပြီး ဆေးရုံဌလူနာများအတွက် အခမဲ့သုံးစွဲနိုင်ရန် ဖြန့်ဝေထားရှိပြီးဖြစ်ပါသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူလူထုက အထိုက်အလျောက်အဆင်ပြေရရှိနိုင်ပြီဖြစ်ပါတယ်။ စရိတ်မျှပေးစနစ်ကိုလည်း ခွဲစိတ်မှန်/ခွဲစိတ်ခွဲခန်းလုပ်ငန်းနှင့် လိုအပ်သောဆေးဝါးများရှိပါက

ဆက်လက်ကျင့်သုံးလျက်ရှိပါတယ်။ မြန်မာနိုင်ငံ၏ မိခင်သေဆုံးနှုန်းသည် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှထုတ်ပြန်သော ထောင်စုနှစ်အစီရင်ခံစာတွင် ခန့်မှန်းချက်များအရ ၁၉၉၀ ခုနှစ်တွင် အရှင်မွေး တစ်သိန်းလျှင် ၅၂၀ ဦးရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၂၀၀ ဦးသို့လည်းကောင်း၊ အသက်ငါးနှစ်အောက်ကလေး သေဆုံးနှုန်းသည် ၁၉၉၀ ခုနှစ်တွင် အရှင်မွေး ၁၀၀၀ လျှင် ၁၃၀ ဦးရှိခဲ့ရာမှ ၂၀၁၀ တွင် ၄၆.၁ ဦးသို့လည်းကောင်း၊ အသက်တစ်နှစ်အောက်ကလေးသေဆုံးနှုန်းသည် ၁၉၉၀ ခုနှစ်တွင် အရှင်မွေး ၁၀၀၀ လျှင် ၉၈ ဦးမှ ၂၀၁၀ ခုနှစ်တွင် ၃၇.၅ ဦးသို့လည်းကောင်း လျော့ကျ ကျဆင်းလာပါတယ်။

၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော သားဖွားမိခင်သေဆုံးနှုန်း အရှင်မွေး ၁၀၀၀၀၀ လျှင် ၁၃၀ ဦးသို့လည်းကောင်း၊ အသက်ငါးနှစ်အောက်ကလေးသေဆုံးနှုန်း အရှင်မွေး ၁၀၀၀ လျှင် ၄၃.၃ ဦးသို့လည်းကောင်း၊ တစ်နှစ်အောက်ကလေးသေဆုံးနှုန်း အရှင်မွေး ၁၀၀၀ လျှင် ၃၂.၇ ဦးသို့ လည်းကောင်း လျော့ကျနိုင်ရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ သို့မှသာ မျှော်မှန်းလူ့သက်တမ်း Life Expectancy of at Birth သည် ယခုအချိန်တွင် ၆၆ နှစ်ရှိရာမှ ၂၀၁၅ ခုနှစ်တွင် အသက် ၇၀ နှစ်အထိ ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေး (Universal Health Coverage) ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိသည့်အခြေအနေမျိုးဖြင့် မိမိနိုင်ငံ ပြည်သူတစ်ရပ်လုံးအတွက် လိုအပ်သောကျန်းမာရေးမြှင့်တင်ရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြည်လည်ထူထောင်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုကို ပြည်သူအားလုံးလက်လှမ်းမီရရှိစေမည့်အပြင် ကုန်ကျစရိတ်အတွက် ပူပင်ကြောင့်ကြမှုမရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေးရှိ/မရှိကို အညွှန်းကိန်းများဖြင့်တိုင်းတာလျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံနှုန်းသတ်မှတ်ချက် အညွှန်းကိန်းဂဏန်းများနှင့် မြန်မာနိုင်ငံ၏အခြေအနေမှာ များစွာကွာဟလျက်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူနာမှစိုက်ထုတ်ကုန်ကျရသည့် အသုံးစရိတ် (out of Pocket) သည် တစ်နိုင်ငံလုံး၏ ကျန်းမာရေးအသုံးစရိတ်စုစုပေါင်း၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းအထက် ကျော်လွန်မှုမရှိစေရန်သတ်မှတ်ထားရာ မြန်မာနိုင်ငံ၏အခြေအနေမှာ အမျိုးသားကျန်းမာရေးအသုံးစရိတ် ၂၀၁၀-၂၀၁၁ အရ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူနာမှစိုက်ထုတ်ကုန်ကျရသည့်အသုံးစရိတ် (out of Pocket) သည် တစ်နိုင်ငံလုံးကျန်းမာရေးအသုံးစရိတ် စုစုပေါင်း၏ ၇၀ မှ ၈၀ ရာခိုင်နှုန်းထက် ကျော်လွန်နေတာကိုတွေ့ရပါတယ်။ တစ်နိုင်ငံ

လုံး၏ ကျန်းမာရေးအသုံးစရိတ်စုစုပေါင်းသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ အနည်းဆုံးရှိရန် စံနှုန်းသတ်မှတ်ထားရာ မြန်မာနိုင်ငံ၏ အခြေအနေသည် အမျိုးသားကျန်းမာရေးအသုံးစရိတ်စာရင်း ၁၉၉၈-၂၀၁၁ အရ တစ်နိုင်ငံလုံး ကျန်းမာရေးအသုံး စရိတ်စုစုပေါင်းသည် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၂ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေးဆောင်ရွက်ရာတွင် ငွေကြေးတတ်နိုင်သူများတွက် ပုဂ္ဂလိကကျန်းမာရေးအာမခံစနစ် Private Health Insurance ထူထောင်၍ မိမိတို့ဆန္ဒအလျောက် အာမခံကြေး (Premium) ထည့်ဝင်ခြင်းဖြင့် ပုဂ္ဂလိက ကျန်းမာရေးအာမခံစနစ် အမျိုးမျိုးပေါ်ထွက်လာစေရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုကျန်းမာရေးအကာအကွယ်ပေးရေးအစီအစဉ် (Social Health Protection) လုပ်ငန်းနှင့် ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၁၉၅၄ ခုနှစ် လူမှုဖူလုံရေး အက်ဥပဒေအရ အကျုံးဝင်သည့်စက်ရုံ၊ အလုပ်ရုံမှအလုပ်သမားများအတွက် လူမှုဖူလုံရေးအာမခံ စနစ်တစ်ခုကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ်တွင် လူမှုဖူလုံရေး ဥပဒေသစ်ပြဋ္ဌာန်းပြီး ပြည်သူလူထုမှ လူမှုဖူလုံရေးအတွက် မိမိဆန္ဒအလျောက် ပါဝင်နိုင်ရေးတိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြို့နယ်အခြေပြု အခြေပြုကျန်းမာရေး ကုန်ကျစရိတ်အကာအကွယ် ပေးရေးအစီအစဉ် ဖြစ်နိုင်ချေရှိ/မရှိကို လေ့လာသုံးသပ်သည့် သုတေသနကို ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ သုတေသနရလဒ်ကိုအခြေခံ၍ ဒိုက်ဦးမြို့နယ်တွင် အခြေပြုကျန်းမာရေးကုန်ကျစရိတ် အကာအကွယ်ပေးရေးအစီအစဉ်ကို စမ်းသပ်ဆောင်ရွက်နိုင်ရန် ရေရှည်တည်တံ့သည့် ဘဏ္ဍာအရင်းအမြစ် ရရှိရေးနှင့် အဆိုပါလုပ်ငန်းကို လွတ်လပ်စွာစီမံခန့်ခွဲသော အဖွဲ့အစည်းတစ်ရပ် (Independent hird Party Organization) ပေါ်ထွက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်၊ စီမံကိန်းအတွက် ဘဏ္ဍာငွေကောက်ခံရရှိနိုင်မှု၊ ပြည်သူများ၏အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေခံအဆောက်အဦ စသည့် အခြေအနေများကိုမျှော်မှန်း၍ မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်ရေးအတွက် Roadmap ကို နှီးနွှယ်ဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပစေတနာရှင်အဖွဲ့အစည်း များနှင့်

ပူးပေါင်းရေးဆွဲလျက်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေး အတွက် အကြံပြုဆွေးနွေးပွဲများ၊ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဆွေးနွေးပွဲများကို ၂၀၁၂ ခုနှစ် တွင် နှစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် နှစ်ကြိမ်ကျင်းပခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်ရေးအဆိုပြု(မူကြမ်း) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကို ရေးဆွဲထားလျက်ရှိပါတယ်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့်အချိန်တိုင်း ငွေကြေးကြောင့်ကြမှုမရှိဘဲ ကျန်းမာရေးဝန်ဆောင်မှုရရှိရန် ပုဂ္ဂလိကကျန်းမာရေးအာမခံစနစ်၊ ကျေးလက်ဒေသနှင့် ဆင်းရဲနွမ်းပါးသူများကို အခြေခံသော ပြည်သူလူထုအခြေပြုကျန်းမာရေးအာမခံစနစ်များ ပေါ်ထွက်လာရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ထီးချိုင့်မြို့နယ်၊ ရေဝကျေးရွာအုပ်စု၊ ဆင်ကျွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦအားအသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဆိုင်ရာမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထီးချိုင့်မြို့နယ်၊ ရေဝကျေးရွာအုပ်စုကို ရေဝကျေးရွာ၊ ဆင်ကျွန်းကျေးရွာ၊ မော်လုံကုန်းကျေးရွာ၊ သောင်ကြီးကျေးရွာ၊ ပိန္နဲကုန်းကျေးရွာ၊ သော်ကကျေးရွာ စုစုပေါင်း ကျေးရွာ ခြောက်ရွာဖြင့် ဖွဲ့စည်းထားပါတယ်။ ရေဝကျေးရွာအုပ်စုမှာ လက်ရှိလူဦးရေ ၃၇၀၀ ဦး နေထိုင်လျက်ရှိပြီးတော့ ဒေသခံမိဘပြည်သူများရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါတယ်။ ကျေးရွာအုပ်စုရှိမိဘပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲကိုတော့ ဆင်ကျွန်းကျေးရွာမှာ ၁၉၈၀ ခုနှစ်ကတည်းက ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီး ဆောင်ရွက်ခဲ့ပါတယ်။ မြေနေရာအကျယ်အဝန်း ပေ ၉၀၊ ပေ ၆၀ ရှိပြီး လက်ရှိ အဆောက်အဦရဲ့ အခြေအနေမှာ နှစ်ပေါင်း ၃၀ ကျော်လာပြီဖြစ်တဲ့အတွက် ခိုင်ခံ့မှုမရှိတော့ကြောင်း တွေ့ရှိရပါတယ်။ အဆောက်အဦရဲ့ အခြေအနေမှာလည်း ဓာတ်ပုံမှတ်တမ်းနှင့် တကွတင်ပြထားပြီးဖြစ်

ပါတယ်။ မိဘပြည်သူများအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ အစီအစဉ်ဖြင့် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် တင်ပြခဲ့ကြပါတယ်။ သို့ပါ၍ ရေဝကျေးရွာအုပ်စု၊ ဆင်ကျွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ရေဝကျေးရွာအုပ်စု၊ ဆင်ကျွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦအသစ်ဟာ ၁၉၈၀ ခုနှစ်တွင် ကျေးရွာမိဘပြည်သူများ ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ်ခဲ့ပြီး နှစ်ပေါင်း ၃၀ ကျော်နေကြောင်းနှင့် ခိုင်ခံ့မှုမရှိကြောင်း သိရပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါကျေးလက်ကျန်းမာရေးဌာနအဆောက်အဦအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရကတင်ပြမယ့် ဒေသန္တရစီမံကိန်းနှင့် မိမိကျန်းမာရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက်စီမံကိန်းများကို ညှိနှိုင်းပြီး စီမံကိန်းကော်မရှင်သို့တင်ပြခြင်း၊ ဘဏ္ဍာရေးကော်မရှင်သို့ တင်သွင်းညှိနှိုင်းပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးစိုးရဲ့တင်ပြချက်မှာ ဓာတ်ပုံတွေလည်းပါပါတယ်။ ဒီဟာလည်း သက်ဆိုင်ရာဝန်ကြီးဌာနကို ဒီဓာတ်ပုံတွေ ရောက်လားတော့မသိဘူး။ ရောက်လား။

**ဒေါက်တာအောင်သန်း(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ရောက်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့လာသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းကို ၁၁-၂-၂၀၁၄ ရက်နေ့မှ အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူညီခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံများစိစစ်ဆောင်ရွက်ရေး ကော်မတီက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းရန်ဖြစ်၍ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီ အားဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီအနေနဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်

ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။ ကနဦးတင်ပြတဲ့ ပြင်ဆင်ချက် ဥပဒေကြမ်းမှာ ပြင်ဆင်ချက်အချို့ရှိတဲ့အနက် အဓိကပြင်ဆင်ချက်များကတော့ ကျွန်တော်တို့ ခွင့်ပြုမိန့်တောင်းခံခြင်း ဆိုတဲ့နေရာမှာ အသိပေးအကြောင်းကြားစာပေးပို့တင်ပြခြင်းဟုလည်းကောင်း၊ ပြစ်ဒဏ်ပိုင်းဆိုင်ရာမှာ ထောင်ဒဏ်ကိုပယ်ဖျက်ပြီးတော့မှ ခုနက ငွေဒဏ်ကိုသာဆက်လက်ပြဋ္ဌာန်းဖို့ ကျွန်တော်တို့ ပြင်ဆင် ချက်ကိုတင်သွင်းခဲ့ပါတယ်။ ဒီနေရာမှာ အခြားနိုင်ငံများပေါ့။ ဒီမိုကရေစီကျင့်သုံးတဲ့ အခြားနိုင်ငံများရဲ့ ဥပဒေကိုလေ့လာတဲ့အခါမှာ အဲဒီနိုင်ငံတွေမှာလည်းပဲ ကျွန်တော်တို့ခေါ်နေကြတဲ့ ငြိမ်း၊ စု၊ စီဆိုတဲ့ ဥပဒေမျိုး ပြဋ္ဌာန်းကျင့်သုံးထားတာကိုတွေ့ရပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အခြားနိုင်ငံများမှာ ကျင့်သုံးတဲ့ဥပဒေနဲ့လည်း လိုက်လျောညီထွေရှိအောင်၊ နောင်ဒါကိုအကောင်အထည်ဖော်ရမယ့် ခုနက အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်အတွက်လည်း ထိန်းသိမ်းရလွယ်ကူအောင်၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလည်း ထိခိုက်မှုမဖြစ်အောင်၊ တစ်ဖက်ကလည်း ကျွန်တော်တို့ ဆန္ဒထုတ်ဖော်ကြတဲ့ ပြည်သူတွေကိုလည်းပဲ ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်အောင် ဆိုပြီးမှ မူလပြင်ဆင်တဲ့ဥပဒေကြမ်းကို နောက်ထပ်ပြင်ဆင်မှုတွေလုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်တဲ့ နေရာမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ ကော်မရှင်၊ ဥပဒေကြမ်းကော်မတီ၊ ကျွန်တော်တို့ ကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်ရှိ သူများနှင့် အကြိမ်ကြိမ် ကျွန်တော်တို့ညှိနှိုင်းပြီးမှ ဆွေးနွေးပြင်ဆင်ခဲ့ပါတယ်။ ခုနက အားလုံးအတွက် အဆင်ပြေမယ့် ဥပဒေကြမ်းဖြစ်အောင် ပြင်ဆင်တဲ့နေရာမှာ ကနဦးပြင်ဆင်ထားတဲ့ ခွင့်ပြုမိန့်တောင်းခံ ခြင်းကို ပယ်ဖျက်ရမယ့်အစား ခွင့်ပြုမိန့်တောင်းခံရမည်။ သို့သော် ဒေသအုပ်ချုပ်မှုအဖွဲ့အစည်း များအနေနဲ့ ခိုင်လုံသော အကြောင်းပြချက်မရှိလို့ရှိရင် ပယ်ချခြင်းမပြုရလို့ ဖော်ပြထားပါတယ်။ ပြစ်ဒဏ်ပိုင်းမှာ ခုနက ကျွန်တော်တို့ ပုဒ်မ ၁၉ အတွက်ဆိုရင် ထောင်ဒဏ် ၂ နှစ်ကနေ ၁ နှစ်၊ ပုဒ်မ ၁၈ အတွက်ဆိုရင် ထောင်ဒဏ် ၁ နှစ်ကနေ ၆ လ စသဖြင့် ပြစ်ဒဏ်လည်း လျှော့ပေါ့ပြီးမှညှိနှိုင်းရေးဆွဲ ထားပါတယ်။ အခုတင်သွင်းတဲ့ဟာသည် သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် ကျွန်တော်တို့ လွှတ်တော်ရဲ့ကော်မတီများ နှစ်ဖက်ညှိနှိုင်းသဘောတူထားတဲ့ ပြင်ဆင်ချက်ဥပဒေကြမ်းဖြစ်လို့မို့လို့ ပြည်သူ့လွှတ်တော်ကနေပြီးမှ ဒါကို လက်ခံဆွေးနွေးဆုံးဖြတ်ပေးဖို့အတွက်ကို လေးစားစွာ တင်သွင်း အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

# ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်၍ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို (အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးမင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲ့နယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား ကော်မတီ၏တာဝန်ပေးအပ်ချက်အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၃-၁၁-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ နိုင်ငံတော်၏အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်၏ စီမံဆောင်ရွက်ချက်များသည် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဆန့်ကျင်နေလျှင် ဆန္ဒထုတ်ဖော်နေကြမည်ဖြစ်သည့်အတွက် ပဉ္စမ မဏ္ဍိုင်ဖြစ်သည့် ပြည်သူလူထုက စောင့်ကြည့်ထိန်းညှိပေးခြင်း၊ တရားဥပဒေစိုးမိုးမှု အားကောင်းခိုင်မာလာသည်နှင့်အမျှ ဆန္ဒထုတ်ဖော်

မှုများလည်း လျော့နည်းပပျောက်သွားမည်ကို ရည်ရွယ်၍ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီက ဤဥပဒေကြမ်းအား တင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၇-၂-၂၀၁၄ ရက်နေ့နှင့် ၁၈-၂-၂၀၁၄ ရက်နေ့များတွင် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ဥပဒေခေါင်းစီးရှိ ၂၀၁၃ ခုနှစ်အား ၂၀၁၄ ခုနှစ် ဟု ပြင်ဆင်ပါသည်။

(၂) ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၂ အား ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေတွင်ပါရှိသော ခွင့်ပြုမိန့်ဆိုသည့် စကားရပ်ကို ခွင့်ပြုချက်ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(၃) ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၃၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့အား ပယ်ဖျက်ပါသည်။

(၄) ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၄ အား ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) ၌ပါရှိသော ကိုယ်ရေးအချက်အလက်ဆိုသည့် စကားရပ်ကို အမည်နှင့် ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(၅) ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ တို့အား စုပေါင်း၍ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ပါသည်-

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ အခန်း ၄ တွင်

(က) အခန်းခေါင်းစဉ်၌ ပါရှိသောနှင့် ငြင်းပယ်ခြင်းဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသား အများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံ ရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုချက် ထုတ်ပေးရမည်။

(ဂ) ပုဒ်မ ၆ ၌ ပါရှိသော သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မ ၇ ၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၉ တို့ကို ပယ်ဖျက်ရမည် ဟု ပြင်ဆင်ပါသည်။

(၆) ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၂၀ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဆိုသည့် စကားရပ်ကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈ တွင်ပါရှိသော တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဆိုသည့် စကားရပ်ကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ တွင်ပါရှိသော ခြောက်လထက်မပိုသော ထောင်ဒဏ်ဆိုသည့် စကားရပ်ကို သုံးလ ထက်မပိုသော ထောင်ဒဏ် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေး ကော်မတီက တင်သွင်းသည့် မြေမြေးချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် နည်းဥပဒေ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၂-၂၀၁၄ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်ဖြင့် ပေးပို့လာသော အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလက်ခံရရှိကြောင်းလွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့်ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တွင် စတင်တင်သွင်းပြီး ပြင်ဆင်အတည်ပြုချက်ဖြင့် ပေးပို့လာသော အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၄-၂-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၈ အရ၊ နည်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားရှိပြီးဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကအစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ခင်ဌေးကြွယ်ဖြစ်ပါတယ်။ ကျွန်မမှ အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်

စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ အမျိုးသားဆေးဝါးဥပဒေကို ၃၀-၁၀-၁၉၉၂ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၇/၉၂)ဖြင့် ထုတ်ပြန်ခဲ့ပြီး အခန်း ၁၃ ခု၊ ပုဒ်မပေါင်း ၃၂ ခု ပါရှိပါသည်။ ယခုပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၆ ခုပါရှိပါသည်။

၃။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြောင်းလဲလာသော ခေတ်နှင့်အညီ ဆီလျော်မှုရှိစေရန်နှင့် ခေတ်နှင့်လျော်ညီသည့် ပြစ်ဒဏ်များကို ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက်ရည်ရွယ်၍ အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား ရေးဆွဲရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၇-၂-၂၀၁၄ ရက်နေ့တွင် ကျန်းမာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် အတူညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက် ပုဒ်မ ၂ အား လက်ခံရန်သဘောမတူဘဲ ဥပဒေကြမ်းပါ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သော အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ (သြဘာသံများ)

**အမျိုးသားဆေးဝါးဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဥ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားဆေးဝါးဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဥ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်ကို တိကျစွာဖော်ပြ၍ ၂၄-၂-၂၀၁၄ ရက်(တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက် နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပမည့်နေ့ကို ထပ်မံကြေညာပါမယ်။ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၂း၂၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၂း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]